# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၁၉)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ၊ ၂၂-၁၀-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်

# နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသားကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)၌ တွေ့ဆုံ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊

စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၂၂ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး

# မိမိကိုယ်မိမိချစ်ပါလျှင် မိမိဘဝတိုးတက်ကြီးပွားရေးကိုသာ ကြိုးစားလုပ်ဆောင်ရမည်

ကလေးဘဝက ကျောင်းသားချင်း အတူတူဖြစ်ပါလျက် ကြီးလာသောအခါ အချို့မြင့်မားသည်။ အချို့နိမ့်ကျသည်။ အချို့ကချမ်းသာသည်။ အချို့ကဆင်းရဲသည်။ ကျောင်းကလည်း တစ်ကျောင်းတည်း။ စာသင်ခန်းကလည်း တစ်ခန်းတည်း။ ဆရာတစ်ဦးတည်းကဘာသာရပ်တစ်ခုကို တပည့်အားလုံးအား အတူတူသင်ကြားပေးပါလျက် သင်ယူသူတို့၏ အာရုံစိုက်မှုနှင့် လုံ့လဝီရိယ စိုက်ထုတ်မှုတို့ကွာခြားခြင်းကြောင့် ထိုဘာသာရပ်တွင် ထူးချွန်သူနှင့် မထူးချွန်သူဟူ၍ ကွဲပြားသွားကြသည်။ လူသည်မိမိအတွက် မိမိကိုယ်တိုင်သာလျှင်အားထားရာဖြစ်ကြောင်း ကောင်းစွာထင်ရှားသည်။ ဗုဒ္ဓကိုယ်တော်တိုင်ပင် ဘုရားဖြစ်တော်မူရန်အတွက် ကိုယ့်အားကိုယ်ကိုးကာ ကျိုးကြဲ့အားထုတ်ခဲ့ရသည်။ မြတ်စွာဘုရားရှင်ကလည်း " အတ္တာဟိအတ္တနောနာထော" မိမိကိုယ်သာကိုးကွယ်ရာ ဖြစ်သည်ဟု ဟောတော်မူသည်။ အတ္တာဟိ-မိမိကိုယ်သာ၊ အတ္တနော-မိမိ၏၊ နာထော-ကိုးကွယ်ရာဖြစ်၏။ "ကောဟိနာထော ပရောသိယာ" သူတစ်ပါးသည် မိမိ၏ကိုးစားရာ အဘယ်မှာဖြစ်နိုင်အံ့နည်းဟူ၍လည်း မြတ်စွာဘုရား ဟောတော်မူထားရာ လူသားတစ်ဦးချင်းစီသည် မိမိကိုယ်မိမိ အားထားရာ အမှန်ဖြစ်သည်မှာ ထင်ရှားလှသည်။ လူတို့သည် မိမိကိုယ်သာကိုးကွယ်ရာ၊ မိမိကိုယ်သာအားထားရာဖြစ်သည်။ မိမိစွမ်းဆောင်နိုင်မှုသည် မိမိကိုယ်တိုင်သာဖြစ်သည်။ စွမ်းဆောင်နိုင်သည့် လူသားတစ်ဦးဖြစ်ရန်အတွက်ကိုယ်ပိုင်အသိပညာဗဟုသုတများ ပြည့်စုံနေရန်လိုအပ်သည်။ လူတိုင်းလူတိုင်းသည် အရည်အချင်းကိုယ်စီရှိကြသော်လည်း အသိဉာဏ်ပညာ၊ ဗဟုသုတအနည်းအများပေါ်တွင် မူတည်၍ စွမ်းဆောင်နိုင်မှုအရည်အချင်းကွာခြားပေသည်။ မိမိကိုယ်မိမိချစ်ပါလျှင်မည်သူမဆို မိမိဘဝတိုးတက်ကြီးပွားရေးကိုသာ ကြိုးစားလုပ်ဆောင်ကြရပေမည်။ ကိုယ့်အားကိုယ်ကိုး စီးပွားတိုးဟူသော စကားအတိုင်းယုံကြည်မှုအပြည့်ဖြင့် ကိုယ့်အားကိုယ်ကိုး လုပ်ဆောင်မှသာ မိမိတိုင်းပြည်၊ မိမိလူမျိုး ကြီးပွားတိုးတက်မည်။ သူတစ်ပါးကို အားကိုးအမှီရသဖြင့်မိမိ၏ လုပ်ငန်းဆောင်တာများမှာ သူတစ်ပါး အထောက်အပံ့ဖြင့်သာလျှင် ပြီးစီးသွားဖန် များလာသောအခါ မိမိကိုယ်တိုင်ကြံစည်တွေးတော အားထုတ်လိုစိတ် ယုတ်လျော့သည်။ သူတစ်ပါးကိုသာ အားကိုးလိုသော ဆန္ဒစွဲဖြစ်နေပေလိမ့်မည်။ ကြာလာသော်မိမိအစွမ်းအစများ ကွယ်ပျောက်ကာ မိမိအတွက် ကောင်းကျိုးများယုတ်လျော့သွား တတ်လေသည်။ ငယ်ရွယ်စဉ်ကမိဘတို့၏လက်ကိုဆွဲကိုင်လျက် လမ်းလျှောက်သောကလေးငယ်သည် မိဘတို့၏ထောက်ပံ့ဖေးကူ တွဲခေါ်သောလက်ကိုလွှတ်၍ လမ်းလျှောက်ပါကလဲကျခြင်းမျိုး ကြုံတွေ့ရတတ်သည်။ လေ့ကျင့်မှု အဖန်ဖန်ရှိလာသောအခါ မိဘတို့၏ အကူအညီမလိုတော့ဘဲ ကိုယ်တိုင်လမ်းလျှောက်နိုင်သော အခြေအနေသို့ ရောက်ကြသည်။ အရာရာတိုင်းသည် ကိုယ်တိုင်ပြုဖူး၊ ကြုံဖူးမှသာလျှင် တတ်မြောက်နိုင်သည်။ ကိုယ်တိုင်မတတ်မြောက်သေးသဖြင့် တတ်မြောက်သူ၏ အကူအညီမရှိလျှင် မှားယွင်းချွတ်ချော်ခြင်းရှိနိုင်သည်။ သို့သော် နောက်တစ်ကြိမ်ထပ်မမှားအောင် ကြိုးစားသော် အမှန်သို့ရောက်မည်ဖြစ်သည်။ အမှားကြောက်၍ မလုပ်ဘဲနေသော် လဲကျမည်ကိုကြောက်သောကလေးငယ်ပမာ အများနည်းတူ လမ်းမလျှောက်တတ်ဘဲ ရှိနေပေလိမ့်မည်။ သို့ဖြစ်ရာ လောကတွင် မိမိကိုယ်မိမိချစ်ပါလျှင်မည်သူမဆို မိမိဘဝ တိုးတက်ကြီးပွားရေးကိုသာ ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ မိမိအတွက် မိမိကိုယ်တိုင်သာလျှင် အားထားရာဖြစ်ရာမိမိမသိ၊ မိမိမတတ်သေးသော ပညာရပ်ကို တတ်ကျွမ်းအောင်လေ့လာသင်ယူပြီး ကိုယ့်အားကိုယ်ကိုးသောစိတ်ဓာတ်၊ မိမိကိုယ်တိုင်ဉာဏ်နှင့်ယှဉ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် မိမိဘဝတိုးတက်မြင့်မားရေးကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၅ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

### တာဝန်မှအနားယူခွင့်ပြုခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါက်တာ မာလာအောင် အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၆ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

### နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါ်ဥမ္မာအေး အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၁၊ ၈၂လမ်းနှင့် ၂၆လမ်းထောင့်နှင့် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၂၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၂၂ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းဝင်းအတွင်းတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ အောင်ဇေယျတံတားအနောက်ဘက်တွင်လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈) ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့် ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ သင်ယူနိုင်အောင် မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုအခါ သင်တန်းဆင်း ဆရာ ဆရာမ စုစုပေါင်း ၁၄၅၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့အားလုံးသည်လည်း မကြာခင်ကာလအတွင်း သင်တန်းဆင်းပြီး ပညာရေးဝန်ထမ်း၊ ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့် လိုက်နာရမည့်အချက်များကို မှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ် နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပါက အားနည်းချက်ရှိခဲ့ခြင်းကြောင့် ဒေသအချို့တွင်ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျနေခြင်းကိုလည်း တွေ့မြင်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုသည့်ဦးတည်ချက်ချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများ ဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့တပည့်များကို စာကိုလည်း သင်ပြီး စိတ်ကိုလည်း ပြင်ပေးကြရမည်၊ မိမိတို့တပည့်များကို လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ် ထားတတ်အောင်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတ အများအကျိုး ဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် သင်ကြားဆုံးမပေးကြရမည်၊ **"ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"** ဆိုသည့် မြန်မာစိတ်ထားကို နှလုံးသားထဲ စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း။

အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန်၊ အကောင်းနှင့် အဆိုး၊ အကြောင်းနှင့် အကျိုးကို မှန်ကန်စွာ နားလည်နိုင်ကြရန်ကိုလည်း သွန်သင် ဆုံးမပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်သည်ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါခုနစ်ပါးဖြစ်သည့် ရှိသေထိုက်သော ဂုဏ် ရှိခြင်း၊ ချစ်ခင်ထိုက်သော ဂုဏ် ရှိခြင်း၊ ချီးမွမ်းထိုက်သော ဂုဏ် ရှိခြင်း၊ တပည့်များ လွဲမှားနေပါက အမှန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသောသဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းစသည့် ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်ကြောင်း၊ ထို့ပြင် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာဆိုသည့် နာလေးနာဖြင့် တပည့်များကို ပညာပြည့်ဝ နှလုံးလှအောင် လေ့ကျင့်သင်ကြားပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင် ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသား ဆရာ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့ တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလိုကြောင်း၊ စာမျက်နှာ ၄ သို့ ☆

❖ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် မောင်းနှင်အားတစ်ရပ်လည်းဖြစ်

❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရာတွင်လည်း တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရမည်

☆ စာမျက်နှာ ၃ မှ

ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သည့် ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာများကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ယူဆည်းပူးနိုင်ရေးအတွက် မောင်တို့ မယ်တို့က သက်ဆိုင်ရာ မိဘများ၊ ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အချိန်မတိုင်မီ ကျောင်းထွက်မှု လျော့ပါးပြီး တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေး၊ တန်းစဉ်အလိုက် စာပေအတတ်ပညာများ တတ်မြောက်အောင် သင်ကြားပေးရေး၊ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်ပြီး ဉာဏ်ပညာနှင့် တည်ဆောက်တတ်သည့် လူငယ်များ ဖြစ်လာစေရေးတို့ကို ပြုစုပျိုးထောင်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

စာသင်ကျောင်း ဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာ

**❖ လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေ တည်ဆောက်ရန်လိုသည်ကို တွေ့နိုင်**

**❖ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေကြောင်း၊ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့် စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားနှင့်သာ တည်ဆောက်ကြရမည်**

သက်သက်သာ မဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်းအပြင် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့်နေရာမျိုးလည်း ဖြစ်ရန်လိုကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား ကျောင်းသူများကို ကျောင်းစည်းကမ်း လိုက်နာခြင်းမှအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများကိန်းအောင်းလာအောင် လေ့ကျင့် ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြား လိုကြောင်း။

မိမိတို့ နိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများ အားလုံး စည်းလုံးညီညွတ်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြီးမားသည့် မောင်းနှင်အားတစ်ရပ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လုပ်ဆောင်ရာ တွင်လည်း တိုင်းရင်းသား ပြည်သူအားလုံးက ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လက်ရှိကာလ မိမိတို့ နိုင်ငံအပါအဝင် ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ရန် လိုသည်ကို တွေ့နိုင်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေကြောင်း၊ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့် စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်း အင်အားနှင့်သာ တည်ဆောက်ကြရမည် ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့ တိုင်းရင်းသားများသည် မြန်မာစိတ်မွေးပြီး **“ငါတို့ အားလုံးသည် မြန်မာ (We are Myanmar)”** ဆိုသည့်စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သည့် အမျိုးသား စိတ်ဓာတ်များဖြင့် နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသအသီးသီးက တပည့်ကျောင်းသား လူငယ်များကိုလည်း အကောင်းမြင်စိတ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှုစိတ်၊ ရိုင်းပင်းကူညီစိတ်စသည့် စိတ်ဓာတ်များ ရှင်သန် ဖြစ်ထွန်းနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးသည် ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန် ဖြစ်ခြင်းကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက် အသက်တမျှ အရေးကြီးသည့် **ပြည်ထောင်စုစိတ်ဓာတ်**ကို မောင်တို့ မယ်တို့ အနေဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အတူတကွ ပညာသင်ကြားခြင်းဖြင့် ရင်ထဲတွင် စွဲမြဲခံယူကြပြီး ဖြစ်သည်ဟုလည်း ယုံကြည်ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် ဖွံ့ဖြိုးရေး တက္ကသိုလ် ကျောင်းဆင်းများ ပီသစွာ မိမိတို့တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား **ပြည်ထောင်စုစိတ်ဓာတ်** ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင် ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မောင်တို့ မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများ ဖြစ်သည့်အတွက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် **“ဒို့တာဝန်အရေး (၃)ပါး”** ကို အခြေခံပြီး အမျိုးသားနိုင်ငံရေး တာဝန်ဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးကို နိုင်ငံတော်နှင့် အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြား လိုကြောင်း။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန် အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့ အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလ အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ကျရာ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့ တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသည့် ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် လူတော် လူကောင်းများ ဖြစ်လာအောင် လေ့ကျင့် ပျိုးထောင်ပေးကြရန်၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှိလာအောင် ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများ ဖြစ်လာအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးကြရန်၊ မိမိတို့နိုင်ငံအတွက် လိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး အတွက် ဒို့တာဝန်အရေး (၃)ပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသား ပြည်သူများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မောင်တို့မယ်တို့အနေဖြင့် ပညာတတ်သည့် မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်း ရတနာများ ဖြစ်ပါစေဟု ဆုတောင်းမေတ္တာ ပို့သကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)မှ ကျောင်းသား ကျောင်းသူများ ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ကရင်တိုင်းရင်းသား စကျော်ဇေယျာဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌထံ ကျောင်းသား ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင် ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံမေးမြန်း နှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူတို့က အမှတ်တရ လက်ဆောင်ပစ္စည်းအား ဂါရဝပြုပေးအပ်စဉ်။

**❖ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရည်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အရေးကြီး**

**❖ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရန် ပြည်သူလူထု၏ စစ်မှန်သည့်လိုလားချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေရန်နှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန်ကိုလည်း ဆောင်ရွက်နေ**

**❖ မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလို**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)မှ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ

ဇော်လင်း

"နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးဟာ ပြည်ထောင်စုသားအားလုံးရဲ့ မွေးရာပါတာဝန်ဖြစ်တာကြောင့် နိုင်ငံသူနိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြဖို့ လိုတယ်။ တို့နိုင်ငံအတွက်အသက်တမျှအရေးကြီးတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို မောင်တို့မယ်တို့က အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ အတူတကွ ပညာသင်ကြားရင်းနဲ့ ရင်ထဲမှာ စွဲမြဲခံယူကြပြီးဖြစ်တယ်လို့လည်း ယုံကြည်တယ်။ ဒါကြောင့် မောင်တို့၊ မယ်တို့အနေနဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာနဲ့ မိမိတို့တာဝန်ကျရာ ဒေသတွေမှာ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြပါလို့ မှာကြားလိုတယ်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၇)၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာတွင် မြွက်ကြားသည့်ဩဝါဒအမှာစကားမှ ကောက်နုတ်ချက်ဖြစ်ပါသည်။

**စုပေါင်းအားဖြင့် တွန်းလှန်**

မိမိတို့ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်သော နိုင်ငံဖြစ်သည်။ "မြန်မာ" ဟူသော ဝေါဟာရသည် မျိုးနွယ်စုများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုအားလုံးကို ခေါ်ဆိုခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတွင်ကျရောက်လာသည့် အခက်အခဲများကို စုပေါင်းအားဖြင့် လက်တွဲတွန်းလှန်ကာကွယ်ခဲ့ကြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် သာယာဝပြောသည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။

တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း အပြန်အလှန် လေးစားယုံကြည်မှု၊ ရင်းနှီးချစ်ကြည်မှု၊ နားလည်ခွင့်လွှတ်မှု၊ စည်းလုံးညီညွတ်မှုတို့သည် ပြည်ထောင်စု၏ အသက်သွေးကြောပင်ဖြစ်သည်နှင့်အညီ အဆိုပါစိတ်ဓာတ်များ မွေးဖွားသန့်စင်ခဲ့သော၊ ပေါက်ဖွားရှင်သန်ခဲ့သောမြေ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ သမိုင်းကြောင်းကို အကျဉ်းမျှ တင်ပြလိုပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်သော ပညာရေးဝန်ထမ်းကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ တက္ကသိုလ်အား တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် ၅ ရပ်ရှိပြီး အဆိုပါ ရည်ရွယ်ချက်များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်ဟူသော အချက် အပါအဝင်ဖြစ်ပါသည်။

**တူညီသောတန်ဖိုးများကို မွေးဖွား**

ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသား လူငယ်မောင်မယ်များအတွက် အဆင့်မြင့်ပညာများဆည်းပူးရာ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သည်။ တိုင်းရင်းသား လူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လူမှုရေးမှစ၍ နိုင်ငံတော်က လိုလေသိမ်းမရှိ အခမဲ့တာဝန်ယူစောင့်ရှောက်ပေးထားပါသည်။ ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအသိုင်းအဝိုင်းသည် ပြည်ထောင်စုလေးသဖွယ်ဖြစ်နေသည်။ အိပ်ဆောင်များအား တိုင်းရင်းသားမျိုးနွယ်စုနာမည်များ၊ တိုင်းရင်းသားများ၏ အထင်ကရနေရာများဖြင့် မှည့်ခေါ်ထားပါသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်မကြီးက မွန်တိုင်းရင်းသူဖြစ်ကောင်းဖြစ်မည်။ Junior ညီမငယ်က ကရင်တိုင်းရင်းသူ ဖြစ်ကောင်းဖြစ်မည်။ မတူညီသော ဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ မောင်နှမအရင်း၊ ညီရင်းအစ်ကို သံယောဇဉ်မျိုးဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းတန်ဖိုးများသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေတည်ရာဖြစ်သည်။ Junior ညီငယ်ဖျားလျှင် Senior အစ်ကိုကြီး ညမအိပ်နိုင်တော့၊ Senior အစ်ကိုအလုပ်များလျှင် ဝိုင်းဝန်းကူညီပေးသူက Junior ညီငယ်ဖြစ်သည်။ အမုန်းတရားများမရှိ၊ နှိုင်းယှဉ်မှုများမရှိ၊ သံယောဇဉ်တရားများဖြင့် ခိုင်ကျည်ထားသော ပြည်ထောင်စုလေးတွင် သူတို့ ရှင်သန်ပျော်ရွှင်စွာ ပညာဆည်းပူးကြသည်။ သူတို့တစ်တွေအား နည်းပေး၊ လမ်းပြသွန်သင်ဆုံးမသူ ဆရာ ဆရာမများသည်လည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံက သူတို့၏ Senior အစ်ကိုကြီး၊ အစ်မကြီးများပင်ဖြစ်သည်။

ဤကျောင်းတော်ကြီးတွင် တိုင်းရင်းသားအသီးသီး၏ ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များအား သင်ကြားဖလှယ်ခွင့်ရရှိကြသည်။ မည်သည့် တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာ တိုင်းရင်းသားဘာသာစကားကို သင်ယူနိုင်သည်။ တိုင်းရင်းသားရိုးရာဓလေ့စရိုက်များကို လေ့လာနိုင်သည်။ ရိုးရာဝတ်စုံများ လဲလှယ်ကာ ဓာတ်ပုံရိုက်ကြသည်။ ရိုးရာမုန့်များ တစ်လှည့်စီပြုလုပ်၍ မြိန်ရေရှက်ရေ စားကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသားများဖြစ်ကြ၍ ဂုဏ်ယူဝင့်ကြွားကြသည်။ မြန်မာနိုင်ငံသားဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ **"စည်းလုံးခြင်းသည်အင်အား"** ဟူသည် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည်။ သံယောဇဉ်တရားက စည်းလုံးညီညွတ်ရေးအားကို အလိုအလျောက် ရရှိစေသည်။

ဤကျောင်းတော်ကြီးတွင် သင်ကြားရေးဘာသာရပ်ဌာန ၂၀ ဌာနဖြင့် သင်ကြားပို့ချမှုဆိုင်ရာ သင်ရိုးညွှန်းတမ်း ဘာသာရပ်များ၊ အခြေခံဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များ၊ တွဲဖက်သင်ရိုးညွှန်းတမ်း ဘာသာရပ်များနှင့် အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များ သင်ကြားကြရသည်။ အထူးတွဲဖက် သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်များ ပါဝင်သည်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ဘာသာရပ်များပါဝင်သည်။ သို့သော် စည်းလုံးညီညွတ်ရေးဟု အတင်းတိုက်တွန်း နေစရာမလို၊ နှစ်ကာလများစွာ အတူတူနေထိုင် ရှင်သန်ခဲ့ကြသော ဤကျောင်းတော်သူ ကျောင်းတော်သားများ၏ သံယောဇဉ်သည် ရေကိုသား၍ ကြားမထင်ကဲ့သို့ ရှိကြပါသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က စားဝတ်၊ နေရေး၊ ကျန်းမာရေးမှစ၍ အစစအရာရာ လိုလေသေးမရှိ ထောက်ပံ့ပေးထားပါသည်။ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ရိက္ခာစိုင်ငွေများအပြင် ဝတ်စုံများအနေဖြင့် တိုက်ပုံ၊ ဆာဖာရီ၊ လည်ကတုံး၊ လုံချည်၊ ဘောင်းဘီ၊ ရင်ဖုံး၊ တီရှပ်၊ ဘောင်းဘီရှည်၊ လက်ဆွဲအိတ်၊ ညှပ်ဖိနပ်၊ ကင်းဘတ်(လက်ရှည်)ဖိနပ်၊ ခြေအိတ်၊ အိပ်ရာပစ္စည်းများ၊ စာရေးကိရိယာများ၊ လစဉ်မုန့်ဖိုးစသည်ဖြင့် ကျောင်းသား ကျောင်းသူများ လိုအပ်ချက်ကို ပြည့်မီစွာ ထောက်ပံ့ပေးထားပါသည်။

ထို့ပြင်သာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျောင်းသား ကျောင်းသူများ၏

စာမျက်နှာ ၆ သို့

❖ ပြည်ထောင်စုကြီး၏ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကမွေးဖွားသန့်စင်ပေးလိုက်သော ကျောင်းဆင်းတိုင်းရင်းသား လူငယ်မောင်မယ်များသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားအတွက်ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရင်း၊ ပြည်ထောင်စုကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ လက်များဖြင့် ကာကွယ်စောင့်ရှောက်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၆၇
ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ❖ ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

စာမျက်နှာ ၅ မှ

ကိုယ်ခန္ဓာဖွံ့ဖြိုးကြံ့ခိုင်ရေးအတွက် နေ့စဉ်ကြက်ဥ နှစ်လုံး၊ နွားနို့ ၂၀ ကျပ်သားအပြင် ဂျုံဖြင့် ပြုလုပ်ထားသော အစားအစာကို တစ်ပတ်လျှင် ငါးရက်နှုန်းဖြင့် ကျွေးမွေးရန် စီမံဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာသည် ကြီးမားသကဲ့သို့ ဤကျောင်းသား ကျောင်းသူများအပေါ် နိုင်ငံတော်က မည်မျှအထိ မျှော်လင့်ချက်ကြီးမားကြောင်း ပေါ်လွင်စေပါသည်။ အဘယ်ကြောင့်နည်း။

### ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပြည်ထောင်စုကျောင်းတော်ဖြစ်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုကျောင်းတော်တွင် ပြည်ထောင်စုကြီးအတွက် အသက်ဝိဉာဉ်သဖွယ်အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးသောကြောင့်ဖြစ်သည်။ စာကိုသာမက စိတ်ကိုပါ သင်ကြားပေးသောကြောင့်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှစ၍ မဟာပညာရေးဘွဲ့ ၁၇၅ ဦး၊ မဟာဒဿနပညာရေးဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၃၅၀၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်ပညာဒီပလိုမာ ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ်သင်တန်း ၄၆၁ ဦး၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း ၄၄၃ ဦး စုစုပေါင်း ၁၄၅၁၄ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆရာ၊ ဆရာမများအဖြစ်သာမက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ၊ သူနာပြုဆရာ ဆရာမများ၊ ဌာနဆိုင်ရာအကြီးအကဲများလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုကြီး၏ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများက ကျောင်းသားဟောင်းများအသင်းဟူ၍ ဖွဲ့စည်းထားရှိသည်။ ကျောင်းသားဟောင်းများက သူတို့အား မွေးဖွားရှင်သန်စေခဲ့သော ကျောင်းတော်ကြီးကို နှစ်စဉ်နှစ်တိုင်း အလွမ်းပြေလာကြည့်သည်။ သူတို့စိုက်ပျိုးခဲ့သော သစ်ပင်ကြီးများအောက် အရိပ်ခိုကြသည်။ ရောက်ရှိလာကြသော တိုင်းရင်းသား တိုင်းရင်းသူ ကျောင်းသားဟောင်းကြီးများ အချင်းချင်းလက်တွဲ၍ ဓာတ်ပုံရိုက်ကြသည်မှာ အလွန်လှပကြည်နူးဖွယ်ရာ မြင်ကွင်းဖြစ်သည်။

သူတို့တစ်တွေသည် သူတို့ချစ်သော ပြည်ထောင်စုကျောင်းတော်ကြီးကို ပြန်လည်စောင့်ရှောက်ကြသည်။ တစ်နည်းအားဖြင့် သူတို့ချစ်သော ပြည်ထောင်စုကြီးကို လက်ချင်းချိတ် ကာကွယ်စောင့်ရှောက်ရင်း မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးကြသည်။ သူတို့တစ်တွေ၏ လက်ဆင့်ကမ်းအမွေများကို သယ်ဆောင်ရင်း ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူ ၁၈၄ ဦးသည်လည်း သူတို့ကဲ့သို့ပင် နိုင်ငံတော်၏ တာဝန်ကို ကျရာကဏ္ဍအသီးသီးတွင် ထမ်းဆောင်ရင်း ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ကြပါတော့မည်။

### ကိုယ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ကျောင်းသားကျောင်းသူများ၏ ဩဝါဒခံယူပွဲတွင် ကျောင်းသားကျောင်းသူများကိုယ်စား ကရင်တိုင်းရင်းသားကျောင်းသားတစ်ဦးက ဂါရဝပြုတင်ပြခဲ့ပါသည်-

- သားတို့အနေနဲ့ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါမယ်။
- သားတို့အနေနဲ့ နိုင်ငံ့သားကောင်းများပီသစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တတ်စွမ်းသလောက် ပါဝင်ဆောင်ရွက်သွားပါမယ်။
- တာဝန်ကျရာဒေသတွေမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။
- မကြာခင်ကာလမှာ ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ သားတို့အနေနဲ့ ကိုယ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်ခင်ဗျာ။

အမိနိုင်ငံတော်ကြီးအတွက် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ၏ အားရကျေနပ်စရာ ကတိကဝတ်များဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုကြီး၏ ပြည်ထောင်စု ကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)က မွေးဖွားသန့်စင်ပေးလိုက်သော ကျောင်းဆင်းတိုင်းရင်းသား လူငယ်မောင်မယ်များသည် နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ရင်း၊ ပြည်ထောင်စုကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ လက်များဖြင့် ကာကွယ်စောင့်ရှောက်ကြမည့် ပုံရိပ်များကို မြင်ယောင်လျက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးနှင့် အမိုးသွပ်ပြားများအား အထူးကုန်ရထားဖြင့် ပို့ဆောင်



နေပြည်တော် အောက်တိုဘာ ၂၁

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီအစဉ်ဖြင့် ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများကို ရန်ကုန်မြို့မှ အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် HRB 500 အမျိုးအစား သံချောင်းလုံး တန်ချိန် ၅၅၃ ဒသမ ၀၀၆ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြား ချပ်ရေ ၇၀၀၀ (တန်ချိန် ၃၂ ဒသမ ၅၆ တန်) နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော 4 Angle 0.33 mm အမိုးသွပ်ပြား ချပ်ရေ ၇၀၀၀ (တန်ချိန် ၃၂ ဒသမ ၅၆ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး ရွှေကြက်ယက်ဘူတာသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးလက်ခံပြီး တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





☆ စာမျက်နှာ ၂၄ မှ

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၈)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၈)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဂုဏ်ယူစွာထမ်းဆောင် ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများ ကိုလည်း ယခုလိုပဲ ကြားသိရ ပါတယ် -









၁။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက် ကတော့ နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ ကျွန်တော် ဒီသင်တန်းကို တက်ရောက် သင့်တယ်ထင်လို့ ကျွန်တော် တက်ရောက်ဖြစ်တာပါ။ နိုင်ငံသား တစ်ယောက်အနေနဲ့လည်း ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန် တွေကို တစ်ဖက်တစ်လမ်းကနေ ပြီး ကာကွယ်စောင့်ရှောက်သင့် တယ်ဆိုတဲ့ ကျွန်တော့်ရဲ့တာဝန် သိစိတ်ကြောင့်လည်း ဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့နိုင်ငံတွင် မဟုတ်ဘဲ ဖွံ့ဖြိုးတဲ့နိုင်ငံ တော်တော်များများက စစ်မှုထမ်း ဥပဒေကို ကျင့်သုံးနေကြပါတယ်။ ကျွန်တော်ကတော့ ဒီဥပဒေကို ကောင်းတယ်လို့ ထင်မြင်မိ ပါတယ်။ နိုင်ငံသားတိုင်းလည်း လိုက်နာပြီး ဆောင်ရွက်သင့်ပါ တယ်လို့ ထင်မြင်မိပါတယ်။ ဒီသင်တန်းကို ကျွန်တော်မလုပ် ဘူးခင်က မလုပ်ဘူးတဲ့အရာတွေ လုပ်ရမယ်ဆိုတော့ နည်းနည်း တော့ စိတ်လှုပ်ရှားမိတယ်။ ယောကျ်ားတိုင်း တတ်သင့်တဲ့ ပညာရပ် ဖြစ်တာကြောင့် ဂုဏ်ယူစွာနဲ့ သင်ကြားသွားချင် ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန် တွေကိုလည်း တစ်ဖက်တစ်လမ်း ကနေ ကိုယ်တတ်စွမ်းသလောက် ထမ်းဆောင် သွားပါ့မယ်လို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ နောင်လာမယ့် ညီငယ်တွေကို လည်း လာပြီးတက်ရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

၂။ ကျွန်တော် ပြည်သူ့စစ်မှုထမ်း ထဲဝင်ချင်တာလည်း ကြာပါပြီ။ ဘာကြောင့်လဲဆိုတော့ နဂိုတုန်း ကလည်း ကျွန်တော်ဝင်ချင်တာ လည်းရှိပါတယ်။ စိတ်ဆန္ဒလည်း ရှိပါတယ်။ မြန်မာနိုင်ငံသား တိုင်း ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရမယ် ဆိုတာလည်း သိပြီးသား ဖြစ်တဲ့အတွက် ကျွန်တော် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစား သွားပါမယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံးကိုလည်း ပြည်သူ့စစ်မှုထမ်းဖို့ ဖိတ်ခေါ်ပါ တယ်။ ဒီသင်တန်း အမှတ်စဉ်(၁၈) စရောက်တဲ့အချိန်မှာ နည်းပြတွေ၊ အရာရှိတွေ၊ ဗိုလ်လေးတွေက ကျွန်တော့်ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ တပ်မတော်သား ကောင်းဖြစ်အောင် ကြိုးစားသွား ပြီး နေထိုင်သွားပါမယ်လို့လည်း ကတိသစ္စာပြုပါတယ်။ **သတင်းစဉ်**





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။




## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ယခုလနှောင်းပိုင်းတွင် အာရှခရီးစဉ်စတင်မည်

ဝါရှင်တန် အောက်တိုဘာ ၂၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုလနှောင်းပိုင်းတွင် အာရှခရီးစဉ် စတင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါခရီးစဉ်တွင် ဂျပန်ဝန်ကြီးချုပ်သစ်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

အာရှခရီးစဉ်အဖြစ် မလေးရှား၊ ဂျပန်နှင့် အခြားနိုင်ငံများသို့လည်း သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က သတင်းထောက်များကို အောက်တိုဘာ ၂၀ ရက်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်သည် ပထမဆုံး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၂၆ ရက်တွင် စတင်ကျင်းပမည့် အာဆီယံအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။ ထို့နောက် ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၂၇ ရက်တွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဂျပန်ခေါင်းဆောင်သစ်နှင့်တွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် တိုကျိုမြို့အနီး ယိုကိုဆူကာရှိ အမေရိကန် လေတပ်စခန်း၌ အမေရိကန် တပ်ဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။

ထို့နောက် အမေရိကန်သမ္မတ ထရမ့်သည် တောင်ကိုရီးယားသို့ ဆက်လက် ထွက်ခွာမည်ဖြစ်ပြီး ယခုလကုန်တွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး (APEC) သို့ တက်ရောက်မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## အာရှခေါင်းဆောင်များက ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာသော ပထမဆုံးအမျိုးသမီး တာကာအိချီဆာနဲကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြား

တိုကျို အောက်တိုဘာ ၂၁

အိန္ဒိယဝန်ကြီးချုပ်က ဂျပန်ဝန်ကြီးချုပ်သစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် တာကာအိချီဆာနဲကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုက်သည်။ တာကာအိချီဆာနဲသည် ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာသည်။

အိန္ဒိယ-ဂျပန် အထူးမဟာဗျူဟာနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် ဆာနဲနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ကြား နက်နဲသော ဆက်ဆံရေးသည် အင်ဒို - ပစိဖိတ်ဒေသသာမက ထို့ထက်ကျော်လွန်၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပြည့်စုံကြွယ်ဝရေးတို့အတွက် အသက်တမျှအရေးပါကြောင်း မိုဒီက ဆက်လက်ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ်သစ် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်ပတ်သက်၍ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်ကလည်း ဆာနဲအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ကွာလာလမ်ပူ၌ မကြာမီကျင်းပမည့် အာဆီယံ-ဂျပန်ထိပ်သီးဆွေးနွေးပွဲမှလည်း ကြိုဆိုသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ပါကစ္စတန်နိုင်ငံရှိ ကလေးငယ် သန်းပေါင်းများစွာကို အစက်ချပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၁**

ပါကစ္စတန်နိုင်ငံသည် ကလေးငယ်သန်းပေါင်းများစွာကို အစက်ချပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးရန် ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်နေသော်လည်း လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ကာကွယ်ဆေးနှင့်ပတ်သက်သည့် အမြစ်တွယ်နေသော အယူအဆအမှားများသည် အဓိကအတားအဆီးများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်ဟု ကျန်းမာရေးကျွမ်းကျင်သူများက ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၁၃ ရက်နေ့တွင် စတင်ခဲ့သော တစ်ပတ်ကြာ စီမံချက်အရ နိုင်ငံတော်က အသက်ငါးနှစ်အောက် ကလေးငယ် ၄၅ သန်းကို ဗိုင်းရပ်စ် ကာကွယ်ဆေးတိုက်ကျွေးရန် စီစဉ်ခဲ့သည်။

ဒေသခံကျန်းမာရေး ဝန်ထမ်း ၄၀၀၀၀၀ ကျော်တို့က ခရိုင် ၁၅၉ ခု တစ်လျှောက်ရှိ ကျောင်းများနှင့် နေအိမ်များကဲ့သို့သော နေရာများတွင် ကလေးတစ်ဦးစီ၏ ပါးစပ်ထဲသို့ ဆေးရည် နှစ်စက်ကို ထည့်သွင်းကာ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းများအား ပညာပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

နှစ်ပေါင်းများစွာ ကာကွယ်ဆေးထိုးခြင်းလှုပ်ရှားမှုများ ပြုလုပ်ခဲ့သော်လည်း ပါကစ္စတန်သည် အာဖဂန်နစ္စတန်နှင့်အတူ




ရောဂါကူးစက်မှု အမြဲရှိနေဆဲဖြစ်သည့် တစ်ခုတည်းသော နိုင်ငံ နှစ်နိုင်ငံအနက်မှ တစ်ခုဖြစ်ပါသည်။

ပိုလီယိုရောဂါသည် အဓိကအားဖြင့် ကလေးငယ်များကို ဒုက္ခပေးသော်လည်း လူကြီးများကိုလည်း ကူးစက်နိုင်သည်ကို တွေ့ရပါသည်။ ၎င်းသည် ကိုယ်တစ်ပိုင်းသေခြင်းသို့ ဦးတည်နိုင်ပြီး ပြင်းထန်ပါက သေဆုံးသည်အထိ ဖြစ်စေနိုင်သည်။

အဆိုပါ ဗိုင်းရပ်စ်သည် ရေညစ်ညမ်းမှု၊ သန့်ရှင်းမှုမရှိခြင်း သို့မဟုတ် ကူးစက်ခံရသူ တစ်ဦး၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများမှ တစ်ဆင့် အလွယ်တကူ ပျံ့နှံ့နိုင်ကြောင်း သိရသည်။ **Mon**

## တရုတ်နိုင်ငံ၏ စက်တင်ဘာလ အိမ်ရာအသစ် စျေးနှုန်းများ ၁၁ လအတွင်း အမြန်ဆုံးနှုန်းဖြင့် ကျဆင်းသွားခဲ့



**ပေကျင်း အောက်တိုဘာ ၂၁**

တရုတ်နိုင်ငံ၏ အိမ်ရာအသစ် စျေးနှုန်းများသည် စက်တင်ဘာလက ၁၁ လအတွင်း အမြန်ဆုံးနှုန်းဖြင့် ကျဆင်းသွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြပါသည်။

အိမ်ခြံမြေစျေးကွက် အားနည်းချက် ဆက်ရှိနေခြင်းသည် စားသုံးသူများ၏ ယုံကြည်မှုကို ထိခိုက်စေပြီး အိမ်ထောင်စုသုံးစွဲမှုကို လျော့နည်းစေသဖြင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုဆိုင်ရာ ခြိမ်းခြောက်မှုများကြားတွင် တိုးတက်မှုကို မြှင့်တင်ရန်အတွက် မူဝါဒချမှတ်သူများဘက်က အထောက်အပံ့များ တိုးမြှင့်ရန် လိုအပ်မည်ဟု ဆိုသည်။

အောက်တိုဘာလ ၂၀ ရက်က ထုတ်ပြန်ခဲ့သော အမျိုးသားစာရင်းအင်းဗျူရို၏ အချက်အလက်များအပေါ် အခြေခံ၍ ရိုက်တာသတင်းဌာန၏ တွက်ချက်မှုများအရ အိမ်ရာအသစ်များ၏ စျေးနှုန်းများသည် ဩဂုတ်လတွင် ၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက် စက်တင်ဘာလတွင် လစဉ် ၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရသည်။

နှစ်အလိုက် နှိုင်းယှဉ်ပါက စက်တင်ဘာလတွင် စျေးနှုန်းများသည် ဩဂုတ်လက ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းမှုနှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

"အိမ်ခြံမြေရဲ့တန်ဖိုး ပထမတန်းစား မြို့ကြီးတွေမှာ၊ ဆက်လက်ကျဆင်းနေမယ်ဆိုရင် လူတွေဟာ သုံးစွဲဖို့ ငွေပိုငွေလျှံနည်းတယ်လို့ ခံစားလာရပါလိမ့်မယ်"ဟု တရုတ်စီးပွားရေးပညာရှင် ဟန်နာလျူက ထောက်ပြခဲ့ကြောင်း သိရသည်။

**Mon**

## ကမ္ဘာ့ပထမဆုံးသော နေသံလိုက်စက်ကွင်း တယ်လီစကုပ် တရုတ်နိုင်ငံတွင် တရားဝင်စတင်လည်ပတ်နေပြီဖြစ်

**ပေကျင်း အောက်တိုဘာ ၂၁**

ကမ္ဘာ့ပထမဆုံးသော အလယ်အလတ် အနီအောက်ရောင်ခြည်လှိုင်းအလျားဖြင့် လည်ပတ်သည့် နေသံလိုက်စက်ကွင်း တယ်လီစကုပ်သည် တရုတ်နိုင်ငံတွင် မကြာသေးမီက နိုင်ငံတော်အဆင့် အတည်ပြုချက်ရရှိကာ တရားဝင် စတင်လည်ပတ်နေပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းတယ်လီစကုပ်ကို နေ၏ အနီအောက်ရောင်ခြည်သံလိုက်စက်ကွင်း တိကျသောတိုင်းတာမှုများအပေါ်အခြေခံကာ ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

တရုတ်သိပ္ပံအကယ်ဒမီ အမျိုးသားနက္ခတ်တာရာ လေ့လာစောင့်ကြည့်ရေးစခန်းက ဦးဆောင်ပြီး၊ ၎င်း၏ အဓိကအစိတ်အပိုင်းများကို ပြည်တွင်း၌သာ အပြည့်အဝ ထုတ်လုပ်ထားခြင်းကြောင့် နက္ခတ်တာရာလေ့လာရေးကိရိယာတန်ဆာပလာများတွင် တရုတ်နိုင်ငံ၏ ကိုယ်ပိုင်တီထွင်နိုင်စွမ်းကို ပိုမိုမြှင့်တင်ပေးရာရောက်ခဲ့သည်။

အဆိုပါ တယ်လီစကုပ်၏ နိုင်ငံတော်အဆင့် အတည်ပြုချက်ရရှိခြင်းသည် တည်ဆောက်ရေးအဆင့်မှသည် သိပ္ပံနည်းကျ အချက်အလက်ထုတ်လုပ်သည့် အဆင့်သို့ ကူးပြောင်းခြင်းကို ရည်ညွှန်းသည်။

တယ်လီစကုပ်မှ ရရှိသော လေ့လာစောင့်ကြည့်ရေး အချက်အလက်များသည် တရုတ်နိုင်ငံ၏ နေမင်းရူပဗေဒနှင့် အာကာသရာသီဥတု ခန့်မှန်းရေးဆိုင်ရာ အဆင့်မြင့်သုတေသနများအတွက် အရေးပါသော အထောက်အပံ့ကို ပေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**



# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ

## အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၁၂ ဦး ရှိကြောင်းသိရသည်။ အဆိုပါကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးကို

## မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး (KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

### ကြည့်ရှုစစ်ဆေး



ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Andrew Labrador Agrafvante နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦးကိုစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

### အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ် ၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Frank William Abianail" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက်နေ မင်းပိုင်စိုးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန်စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၃၀ နှင့် အမျိုးသမီး ခြောက်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦးတို့သည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သုံးခွမြို့နယ်၊ ဒလမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ၎င်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ မုံရွာမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး သုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုံးမဩဝါဒစကား ပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MK-12 တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၁၂ ဗို့ကျည်ကိုးတောင့်၊ လက်လုပ်ပစ္စတိုတစ်လက်နှင့် လက်လုပ်ပစ္စတိုကျည်အိမ်တစ်ခုတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား တစ်ဦးလျှင် ဆုကြေးငွေကျပ်သိန်း ၂၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၂၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–



## အမျိုးသမီး

သမီးတို့ရွာကနေ သူငယ်ချင်းရှိရာကို အလည်သွားရင်းနဲ့ လမ်းမှာ PDF အဖမ်းခံရပြီး ထောင်ကျခံမလား စစ်မေလုပ်မလား အကျပ်ကိုင်မေးခဲ့လို့ စစ်မေလုပ်ရင် လွတ်လမ်းရှိတယ်လို့ တွေးမိပြီး PDF ထဲ ရောက်ရှိခဲ့ပါတယ်။ သင်တန်းကိုတော့ မင်းကင်းမြို့နယ် ထန်းပင်ချောင်းရွာအနီးက တောတိုက်ထဲမှာ ယောကျ်ားမိန်းမအင်အား ၂၀ နဲ့အတူ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းကိုတော့ စစ်သင်တန်း၊ လက်နက်ငယ်နဲ့ မိုင်းလုပ်နည်း၊ မိုင်းထောင်နည်းတွေကို သင်ကြားပေးပါတယ်။ သင်တန်းဆင်းတော့ သူတို့အတွက် ထမင်းဟင်းချက်ပြုတ်ရေးနဲ့ လုံခြုံရေးကင်းတာဝန်တွေကို ထမ်းဆောင်ခဲ့ရပါတယ်။ သမီး PDF ထဲ ဝင်ရောက်ချိန်မှာ PDF အကြမ်းဖက်အဖွဲ့တွေက ဂိတ်တွေမှာ ဆက်ကြေးကောက်တယ်။ လူတွေကိုလည်း ဖမ်းပြီးအနိုင်ကျင့်တယ်။ သူတို့ထဲကို အတင်းအကျပ်ဝင်စေတယ်။ ဝင်တဲ့သူတွေကိုလည်း ထောင်ချတယ်။ သတ်ပစ်တယ်။ ရွာထဲကလူတွေကိုလည်း လက်နက်အားကိုးနဲ့ အနိုင်ကျင့်တယ်။ နှိပ်စက်တာတွေလုပ်တယ်။ သမီးက အစောကတည်းက သူတို့ထဲကို ဝင်ချင်ခဲ့တာမဟုတ်ပါဘူး။ ဖမ်းဆီးမခံရဖို့အတွက် စစ်မေလုပ်ခဲ့ပြီး အခွင့်အရေးရတာနဲ့ လုံခြုံရေးစခန်းမှာ အလင်းဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ မိဘတွေဆီကို ပြန်ရတော့မှာမို့ အလွန်ဝမ်းသာမိပါတယ်။ ပြီးတော့ ဒီဇင်ဘာလမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ သမီးကိုယ်တိုင်လည်း မဲပေးမယ်။ PDF အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့သူတွေကိုလည်း ပြောချင်တာကတော့ သူတို့ပြောသလို အလင်းဝင်ရင် ဖမ်းဆီးမယ်။ ထောင်ချမယ်။ နှိပ်စက်မယ်ဆိုတာ မဟုတ်ပါဘူး။ အခုလို နွေးနွေးထွေးထွေး ကြိုဆိုပြီး ထောက်ပံ့မှုတွေ လုပ်ပေးတာ သမီး ကိုယ်တွေ့ပါပဲ။ ဒါကြောင့် အချိန်မနှောင်းခင် အမြန်ဆုံး အလင်းဝင်ရောက်ကြဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။

## အမျိုးသား

ကျွန်တော်အရင်က မန္တလေးမြို့မှာ ပန်းပုထုတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၁ ခုနှစ်က



ကျွန်တော်ရွာကို ရောက်ပြီးတော့ ဆိုင်ကယ်နဲ့ ဈေးရောင်းတဲ့ လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ ၂၀၂၃ ခုနှစ် ၁၁ လပိုင်းမှာ သူငယ်ချင်းက မင်းသေနတ်ကိုင်ချင်လား၊ မင်း သေနတ်ကိုင်ဖူးချင်လား၊ သေနတ်ပစ်ဖူးချင်လား၊ ပစ်ဖူးကိုင်ဖူးချင်ရင် ငါနဲ့လိုက်ခဲ့ဆိုပြီးခေါ်ဆောင်သွားတဲ့အတွက် ကျွန်တော် အကြမ်းဖက် PDF စခန်းကို လိုက်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူတို့ရဲ့ အကြမ်းဖက်ခေါင်းဆောင်က ကျွန်တော့်ကို ပြန်ရင်မိဘတွေကို သတ်ပစ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် PDF ထဲကို ဝင်ခဲ့ရပါတယ်။ သင်တန်းမှာတော့ လက်နက်ငယ်ပစ်နည်း၊ မိုင်းထောင်နည်း၊ မိုင်းခွဲနည်းတို့ကို သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော်သင်တန်းဆင်းတော့ ထမင်းအချက်အပြုတ်နဲ့ ကင်းစောင့်တာဝန်ကို ယူခဲ့ရပါတယ်။ ကျွန်တော် အကြမ်းဖက်လုပ်ရပ်တွေမှာ မပါဝင်ခဲ့ပါဘူး။ တစ်ခါတလေမှာ သူတို့ရွာထဲမှာ ဆက်ကြေးသွားကောက်တဲ့ အချိန်မှာ ကျွန်တော်လိုက်ခဲ့ရပါတယ်။ နောက်ပြီးရင် ကျွန်တော်တို့ အဝင်အထွက်လမ်းတွေ ရွာက တံတားလမ်းတွေမှာလည်း ကျွန်တော် သူတို့လုံခြုံရေးအတွက် ကင်းစောင့်ပေးခဲ့ရပါတယ်။ ကျွန်တော် PDF အကြမ်းဖက်ထဲ ရောက်တဲ့အချိန်မှာ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်တဲ့ဝါဒကို ကျွန်တော်တွေ့ကြုံခဲ့ရပါတယ်။ နောက်ပြီးရင် လူကြီးပိုင်းတွေကတော့ လမ်းတံတားတွေ၊ ဂိတ်တွေမှာရတဲ့ ဆက်ကြေးငွေတွေနဲ့ ရွာသူရွာသားတွေဆီက ကောက်ခံလို့ရတဲ့ ဆက်ကြေးငွေတွေနဲ့ အဆင်ပြေနေပြီးတော့ ကျွန်တော်တို့ လက်အောက်ကလူတွေကျတော့ ထမင်းတောင်မှ မဝရေစာ စားခဲ့ရပါတယ်။ ဖျားနာလာတဲ့အချိန်မှာလည်း ဆေးကုသဖို့ ဆရာဝန်မရှိဘူး။ နေရတာလည်း လုံးဝအဆင်မပြေပါဘူး။ ကြုံသလို ဖြစ်သလိုနေရပါတယ်။ သူတို့နဲ့ အဆင်ပြေတဲ့သူတွေကျတော့ ကောင်းကောင်းမွန်မွန်နေရတယ်။ ဘာမှ မလုပ်ရဘူး။ ကြီးနိုင်ငယ်ညှဉ်း နှိပ်ကွပ်မှုတွေလည်း ကျွန်တော် ကြုံတွေ့ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တာကတော့ အဆိုးဆုံးပါပဲ။ ကျွန်တော်အလင်းဝင်ရောက်ခဲ့တာကတော့ သူတို့ရဲ့ လုပ်ငန်းတွေ၊ မတရားမှုတွေကို မကြိုက်လို့ အလင်းဝင်ရောက်ခဲ့တာပါ။ ဆရာဆရာမတွေကို သတ်ဖြတ်တာ၊ ရဟန်းသံဃာတွေကို သတ်ဖြတ်တာကအစ ကျွန်တော်လက်မခံနိုင်လို့ သူတို့ရွာတွေမှာ ဆက်ကြေးကောက်နေတဲ့အချိန်မှာ ကျွန်တော် အခွင့်သာလို့ ထွက်ပြေးလာပြီးတော့ နီးစပ်ရာစခန်းမှာ ကျွန်တော်အလင်းဝင်ခဲ့ပါတယ်။ ကျွန်တော်အလင်းဝင်ရောက်တဲ့အခါမှာ ကျွန်တော်တစ်ခုခုများဖြစ်မလားဆိုပြီးတော့ စိုးရိမ်စိတ်ကြီးနဲ့ တွေးမိပါတယ်။ တကယ်တမ်းကျတော့ အစိုးရနဲ့ တပ်မတော်က ကျွန်တော်တို့ကို နွေးထွေးစွာ ကြိုဆိုတယ်။ အစားအစာနဲ့ ထောက်ပံ့ကြေးငွေတွေ ပေးတယ်။ ကျန်းမာရေးကအစ စစ်ဆေးပေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို နေစရာတွေပေးတယ်။ နောက်ပြီး ကျွန်တော်တို့မိသားစုနဲ့အတူ အမြန်ဆုံးပြန်နေခွင့်ရအောင် စီစဉ်ပေးလို့ ကျွန်တော်တို့ အစိုးရနဲ့ တပ်မတော်က လူကြီးတွေကို ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်။ သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်




**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အတွင်း ငလျင်ဘေးဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာ ရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံး ကုန်ပစ္စည်းများကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လှူဒါန်း လျက်ရှိသည်။

ထိုသို့ လှူဒါန်းရာ ယနေ့ ညနေပိုင်းက အလှူရှင် ဦးအောင် ပြည့်စုံ+ဒေါ်အေးအေးနှင်း THIN-ZAR KYAW ကုမ္ပဏီလီမိတက် မိသားစုက အလှူငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေး အပ်ခဲ့ပြီး ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်းနှင့် မန္တလေး တိုင်းဒေသကြီးအတွင်း ငလျင် ဘေးသင့်နေရာများတွင် ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများကို အား သွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ရွှေဆိုင်လုပ်ငန်းရှင် များအား အခွန်ပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန် ဦးစီးဌာန ဌာနမှူး ဒေါ်ကေသွယ် ကျော်က ရွှေဆိုင်လုပ်ငန်းရှင် များအား ပြေစာများအပေါ် အခွန် အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အကြောင်း သိကောင်းစရာများ နှင့် ပြည်တွင်းအခွန်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အခွန် အကြောင်း သိကောင်းစရာများ ကို ရှင်းလင်းဆွေးနွေးပြီး တက် ရောက်လာကြသည့် ရွှေဆိုင် လုပ်ငန်းရှင်များက သိလိုသည် များ မေးမြန်းဆွေးနွေးရာ တာဝန် ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

# မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

**မိုင်းဆတ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မိုင်းထလန်း ကျေးရွာအုပ်စု၊ ယောင်းခကျေးရွာ၌ အောက်တိုဘာ ၁၉ ရက်က မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်(MEVM) မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း ကွင်းဆင်း ဆောင်ရွက်သည်။

အခမ်းအနားတွင် မိုင်းဆတ် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအားလွန်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင် တင်ဝင်းတို့က ဒီဇင်ဘာ ၂၈ ရက်မှ စ၍ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည့်အခြေ အနေများ၊ မဲဆန္ဒရှင်တစ်ဦးသိသင့် သိထိုက်သည့်အချက်များ၊ ဆန္ဒ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲ ပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက် ပေးမည့်ကိစ္စရပ်များ၊ ရွေးကောက် ပွဲတွင်အသုံးပြုမည့် မြန်မာ အီလက်ထရောနစ် (MEVM) မဲပေးစက်များ၏ တိကျမှု၊ လျင် မြန်မှုနှင့် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစ၍ တစ်နိုင်ငံလုံးကပ်ထားကြေညာ ထားပြီး မဲဆန္ဒရှင်စာရင်းတွင် မပါဝင်ပါက ပုံစံ(၃)၊ ပုံစံ(၃-က) တို့ဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ များမှတစ်ဆင့် မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ လျှောက်ထားနိုင်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒေသခံမဲဆန္ဒရှင် ပြည်သူ ၁၁၇၃ ဦးတို့က မြန်မာ အီလက်ထရောနစ်မဲပေးစက်(ME-VM)ဖြင့် လက်တွေ့စမ်းသပ် မဲပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**






# နိုဝင်ဘာ ၁ ရက်မှစတင်၍ ရေနံနှင့် ရေနံထွက်ပစ္စည်း သိုလှောင်ခွင့် လိုင်စင်များသက်တမ်းတိုးနိုင်

**မန္တလေး အောက်တိုဘာ ၂၁**

ရေနံနှင့် ရေနံထွက်ပစ္စည်းသိုလှောင်ခွင့် လိုင်စင်များကို လာမည့် နိုဝင်ဘာ ၁ ရက်မှ စတင်၍ သက်တမ်းတိုးနိုင်ပြီဖြစ်ကြောင်း သတ္တုတွင်းဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

ထုတ်ပေးထားသည့် အဆိုပါ လိုင်စင်များသည် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ နှစ်လကြိုတင်ပြီး လာမည့် နှစ်အတွက် သက်တမ်းတိုးရမည်ဖြစ်သည်ဟု ဆိုသည်။

ရေနံနှင့် ရေနံထွက်ပစ္စည်းနဲ့ပတ်သက်လို့ လုပ်ငန်းလုပ်ကိုင်မယ် ဆိုရင် မဖြစ်မနေ လိုင်စင်လုပ်ဖို့ လိုအပ်သလို နှစ်စဉ် သက်တမ်း တိုးဖို့ လိုအပ်ပါတယ်။ သက်တမ်းကျော်လွန်ရင် ဒဏ်ကြေးပေး ရမှာဖြစ်သလို သတ်မှတ်စည်းကမ်းတွေ လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

သက်တမ်းတိုးရမည့် နောက်ဆုံးရက် ကျော်လွန်ပါက တစ်ရက် လျှင် သိုလှောင်ခွင့် လိုင်စင်ကြေး (၂)ရာခိုင်နှုန်း ပေးဆောင်ရမည် ဖြစ်ပြီး တစ်နှစ်ကြာ သက်တမ်းတိုးရန် ပျက်ကွက်ပါက လိုင်စင် မှာ အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ကြောင်းသိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**

# မိုးရာသီစိုက်ပျိုးသော အစေ့ထုတ်ပြောင်း ၁၅၀၁၆ ဧက ရိတ်သိမ်းပြီး ၇၃၁၅၈၀ တင်းထွက်ရှိ

**ကျွန်းလှ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် တွင် စပါးအပြင် သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးရာသီစိုက်ပျိုးသော အစေ့ထုတ်ပြောင်း ၁၅၀၁၆ ဧက ရိတ်သိမ်းပြီး ၇၃၁၅၈၀ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း အဓိကစိုက်ပျိုးတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုး ရာမှာ သီးသန့်စိုက်ပျိုးကြသလို ပဲစင်းငုံသီးနှံနဲ့ သီးညှပ်လည်း စိုက်ပျိုးကြပါတယ်။ ယခုအခါ စိုက်ဧကအားလုံး ရိတ်သိမ်းပြီး တစ်ဧက ၄၈ ဒသမ ၇၂ တင်း ထွက်ရှိပါတယ်"ဟု မြို့နယ်စိုက် ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်း စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း ပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက် ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန် ရေး၊ ဖောင်မြောင်တောင်ပို့ ကျ ရောက်မှု ကာကွယ်ရေး၊ ရိတ် သိမ်းချိန်နည်းပညာများနှင့် စိုက် ပျိုးရေးဆိုင်ရာများ ကွင်းဆင်း အသိပညာပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးသီးနှံစိုက်ပျိုး ရာသီ၌ အစေ့ထုတ်ပြောင်း စိုက် ပျိုးရန် ၁၄၉၉၅ ဧကလျာထားပြီး ၁၅၀၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန စာရင်းများအရ သိရသည်။

**(အောက်ပုံ)**

**(၄၈၀)**

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် H.E.Mr.Jaime Nada Roig အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများ၊ UNFPAအကြား ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မိသားစုစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ငလျင်ကာလနှင့် ငလျင်ကာလအလွန် မိတ်ဖက်အဖွဲ့အစည်း၏ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၅)သို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၅)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများမရှိစေရေး၊ ယာမြေစပါးစိုက်ပျိုးဧရိယာများအဖြစ်မှ စပါးစိုက်လယ်မြေအဖြစ်သို့ ပြောင်းလဲနိုင်ရေးတို့ကို စံပြုလုပ်ထုံးလုပ်နည်း(SOP)နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးချစ်ကိုကိုက တိုင်းဒေသကြီး မြေယာအယူခံမှုအမှုတွဲများ၊ လယ်ယာမြေဥပဒေပုဒ်မ-၃၀(က)(ခ) အရ အခြားနည်းအသုံးပြုခွင့်လျှောက်ထားလာမှု၊ လယ်ယာမြေဥပဒေ ပုဒ်မ-၂၈(ခ)အရ ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားလာမှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍




အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မိရိုးဖလာ အစဉ်အလာမပျက် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပင်းတယ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ် အော်ယောရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ဓနုဒေသတိုင်းရင်းသားများ၏ မိရိုးဖလာ အစဉ်အလာမပျက် မီးထွန်းပွဲတော်အား အောက်တိုဘာ ၂၀ ရက် ညနေ ၇ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ မီးထွန်းပွဲတော် ကျင်းပရသည့်အကြောင်းအရာမှာ အော်ယောရပ်ကွက်နေ မိဘပြည်သူများ လှူဒါန်းအောင်မြင်တော်မူခဲ့သော အော်ယောဘုန်းတော်ကြီးကျောင်းရှိ မြေငလျင်ဒဏ်သင့်ပျက်စီးယိုယွင်းခဲ့သည့် စေတီတော်မြတ်ပြန်လည်ပြုပြင်လှူဒါန်း၍ ဘုရားအနေကဇာတင်ခြင်းမင်္ဂလာနှင့် (၁၈)ကြိမ်မြောက် စုပေါင်းမဟာ ဘုံကထိန်ပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် ရှေးရိုးရာမပျက် ဓနုတိုင်းရင်းသားယဉ်ကျေးမှုရိုးရာမပျက် ယဉ်ကျေးလိမ္မာစွာဖြင့် မီးထွန်းစီတန်းလှည့်လည်ခြင်းနှင့် ဓနုသံချပ် စာသားများနှင့် ဓနုတေးသီချင်းများ သီဆိုပေးခြင်းနှင့် ဓနုရိုးရာ ထုံးတမ်းအစဉ်အလာ ဓနုအိုးစည်ဝိုင်းများ တီးခတ်ကပြခြင်းများနှင့်အတူ ဆီမီးဖယောင်းတိုင်များအား စေတီပုထိုးတော်များနှင့် ဗုဒ္ဓဆင်းတုတော်များအား ထွန်းညှိဆက်ကပ်လှူဒါန်းပူဇော်မှုကို ဆောင်ရွက်ကြပြီး ဆရာတော်ဘဒ္ဒန္တ ဇဝနသီရိထံ ငါးပါးသီလခံယူဆောက်တည်ကြ၍ လှူဒါန်းမှုအစုစု အောင်ပွဲအထိမ်းအမှတ် သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့အား အမျှအတန်းပေးဝေကြ၍ သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။

ဆက်လက်၍ အလှူတော် အောင်ပွဲအထိမ်းအမှတ် ဓနုဒေသနေတိုင်းရင်းသားများဖြစ်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသျှား၊ ဗမာ အစရှိသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့၏ ရှေးရိုးရာမပျက် မီးထွန်းပွဲတော် အထိမ်းအမှတ် အိုးစည်ဗုံမောင်းများ တီးခတ်၍ စုပေါင်းညီညာသည့် အသံသာကြသောပြသော မီးပုံးပျံငယ်များ၊ ညမီးကြီးမီးပုံးပျံများကို လွှတ်တင်ပူဇော်ပေးခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

(၃၃၈)

**သစ်တောသစ်ပင်**<br>**ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို**<br>**နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။**

# လာမည့် သရက်ရာသီတွင် သရက်သီးများကို အနှစ်ပြုလုပ်၍ ပြည်ပသို့ တင်ပို့သွားရန် စီစဉ်

**မန္တလေး အောက်တိုဘာ ၂၁**

လာမည့် သရက်ရာသီတွင် သရက်သီးများကို ပြည်ပသို့ အလုံးလိုက်တင်ပို့မည့်အစား အနှစ်ပြုလုပ်၍ ဦးစားပေးတင်ပို့သွားရန် စီစဉ်နေကြောင်း မြန်မာ့သရက်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ပြည်ပဈေးကွက်အသစ်များ ရှာဖွေပြီး ပြည်တွင်း၌ သရက်သီးများကို အနှစ်ပြုလုပ်ကာ တင်ပို့ခြင်းက ပိုမိုအဆင်ပြေနိုင်သည်ဟု ဆိုသည်။

"မနှစ်ကစလို့ ပြည်ပကို သရက်သီးအနှစ်တွေ စမ်းသပ်တင်ပို့ခဲ့ပါတယ်။ သရက်သီးတွေကို စည်သွပ်ဘူးတွေနဲ့ ထည့်သွင်းတယ်။ အေးခဲအောင်လုပ်ပြီး တင်ပို့ခဲ့ရာမှာ ဈေးကောင်းရခဲ့လို့ လာမယ့် သရက်ရာသီမှာ အနှစ်ပြုလုပ်ပြီး ဦးစားပေးတင်ပို့ဖို့ စီစဉ်နေပါတယ်"ဟု ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စိန်တလုံး၊ မချစ်စု၊ ပတ္တမြား ငမောက်သရက်သီးများကို နှစ်စဉ် ရုရှား၊ စင်ကာပူသို့ အလုံးလိုက် တင်ပို့နေကြောင်း၊ ယမန်နှစ်က အနည်းငယ်သာ တင်ပို့နိုင်ခဲ့ပြီး အမျိုးအစားနှင့် အရည်အသွေး အလိုက် တစ်တန်လျှင် ငွေကျပ် ၁၀ သိန်းမှ သိန်း ၂၀ ကြားရရှိခဲ့သည်။

မြန်မာ့သရက်သီးများကို ပြည်ပနိုင်ငံများသို့ အလုံးလိုက် တင်ပို့လျက်ရှိပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်မှုများ ဆောင်ရွက်ပြီး ဈေးကွက်သစ်များ ရှာဖွေလျက်ရှိရာ ရုရှားနိုင်ငံအနေဖြင့် မြန်မာ့သရက်သီး အနှစ်ကို တန်ချိန် တစ်သောင်း တင်သွင်းရယူလိုကြောင်း အသိပေးထားကြောင်း သိရသည်။

**(အောက်ပုံ)**

**မန္တလေးနေ့စဉ်-ဇ**

၀-၀-၀-၀-၀-၀

၀-၀-၀



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## အရပ်ပုတဲ့မိန်းကလေးတွေအတွက် ဖက်ရှင်အကြံဉာဏ်များ

အရပ်ပုတဲ့ မိန်းကလေးတွေအတွက် အရပ်ပိုရှည်ပြီး ကြည့်ကောင်းတယ်လို့ ထင်ရစေမယ့် ဖက်ရှင်အကြံဉာဏ်ကောင်းလေးတွေရှိပါတယ်။ အဝတ်အစား၊ ဖက်ရှင်အရွေးမှားရင် အရပ်ပုတဲ့သူတွေက ပိုပုသွားတာမျိုးဖြစ်သွားတတ်တာကြောင့် အခုပြောပြသွားမယ့် အချက်လေးတွေကို လိုက်နာကြည့်ပါ။

**(၁)အဝတ်အစားရွေးချယ်မှုများ**

ဒေါင်လိုက်အစင်းကြောင်းတွေပါတဲ့ အင်္ကျီ(သို့မဟုတ်) ဘောင်းဘီတွေကိုဝတ်ဆင်တာဟာ ခန္ဓာကိုယ်ကို အပေါ်စီးကနေ အောက်အထိ ပိုရှည်လျားသွားတယ်လို့ ထင်ရစေပါတယ်။ ကန့်လန့်ဖြတ် အစင်းကြောင်းတွေက ပိုပုသလိုဖြစ်သွားစေတာကြောင့် ရှောင်သင့်ပါတယ်။

**(၂)ခါးမြင့်ဘောင်းဘီနှင့် စကပ်**

ခါးမြင့်တဲ့ ဘောင်းဘီ ဒါမှမဟုတ် စကပ်တွေကို ဝတ်ဆင်ခြင်းက သင့်ရဲ့ခါးနေရာကို ပိုမြင့်တယ်လို့ ထင်ရစေပြီး ခြေထောက်ကို ပိုရှည်သလို မြင်စေပါတယ်။

**(၃) ရိုးရှင်းသော ပုံစံများ**

အပေါ်အောက် အရောင်တစ်ရောင်တည်း (သို့မဟုတ်) အရောင်ဆင်တူတွေ ရိုးရှင်းတဲ့ပုံစံတွေကို ဝတ်ဆင်ပါ။ ဒါက ခန္ဓာကိုယ်ရဲ့ အပိုင်းအစတွေကို မကွဲပြားစေဘဲ တစ်ဆက်တည်းဖြစ်နေတယ်လို့ ထင်ရစေတာကြောင့် ပိုရှည်သလို မြင်စေပါတယ်။

**(၄) ဘောင်းဘီအရှည်နှင့် ခြေချင်းဝတ်အထိ ရှည်သောစကပ်များ**

ခြေချင်းဝတ်ကို ဖုံးထားတဲ့ ဘောင်းဘီရှည် (သို့မဟုတ်) ခြေချင်းဝတ်နားထိ ရှည်တဲ့ စကပ်တွေကို ဝတ်ပါ။ ဒါက ခြေထောက်ရဲ့ အဆုံးသတ်ကို ဖုံးကွယ်ပြီး ပိုရှည်သလို ထင်ရစေပါတယ်။

**(၅) ဖိနပ်အရောင်**

ဘောင်းဘီ (သို့မဟုတ်) စကပ်နဲ့ အရောင်ဆင်တူတဲ့ ဖိနပ်တွေကို ရွေးချယ်ပါ။ ဥပမာ- အသားရောင်ခြေအိတ်နဲ့ အသားရောင်ဖိနပ်ကို တွဲဝတ်တာမျိုးက ခြေထောက်ကို ပိုရှည်သလို ထင်ရစေပါတယ်။

**(၆) အိတ်အရွယ်အစား**

သင့်ခန္ဓာကိုယ် အရွယ်အစားနဲ့လိုက်ဖက်တဲ့ အိတ်ငယ်လေးတွေ၊ လက်ကိုင်အိတ်လေးတွေကို သုံးပါ။ အလွန်ကြီးမားတဲ့ အိတ်တွေက သင့်ကို ပိုသေးသွားသလို ထင်ရစေနိုင်ပါတယ်။

**Daisy**






## သဘာဝအသားဖြူ Scrub အလွယ်တကူပြုလုပ်နည်း

လူတစ်ယောက်နဲ့တစ်ယောက် မွေးကတည်းကနေ အသားဖြူ ညို၊ ဝါစသည်ဖြင့် အသားအရောင်အမျိုးမျိုးရှိကြပါတယ်။အသားညိုတဲ့သူက နဂိုအသားဖြူတဲ့သူတွေလောက် အသားဖြူအောင်လုပ်လို့မရပေမယ့် ညိုနေတဲ့အသားအရောင်ကို ဝင်းပြီးစိုပြည်လာအောင်တော့ ပြုလုပ်လို့ရပါတယ်။ သင့်အသားအရောင်က နေလောင်ဒဏ်၊ ဖုန်မှုန့်အညစ်အကြေး၊ ဆဲလ်သေတွေနဲ့ အမည်းစက်အမာရွတ်တွေကြောင့် ညိုမည်းပြီး အသားအရေမညီမညာနဲ့ ညစ်နေရင်တော့ အသားအရေဖြူဝင်းလာအောင် ပြုလုပ်လို့ရပါတယ်။ အသားအရေဝင်းပလာအောင် ပြုလုပ်လို့ရတဲ့ နည်းလမ်းများစွာထဲက ငွေကုန်ကြေးကျသက်သာပြီး လွယ်ကူရိုးရှင်းတဲ့ သဘာဝအသားဖြူ Scrub ကို ပြုလုပ်ပြီး အသုံးပြုနိုင်ပါတယ်။ ပါဝင်ပစ္စည်းများကတော့ သကြားဖြူ ထမင်းစားဇွန်းတစ်ဇွန်း၊ ပျားရည်ထမင်းစားဇွန်းတစ်ဝက်၊ သံပရာရည်(သို့မဟုတ်)ရှောက်ရည်ထမင်းစားဇွန်းတစ်ဝက်တို့ပဲဖြစ်ပါတယ်။ ပါဝင်ပစ္စည်းအားလုံးကို ပန်းကန်လုံးတစ်လုံးထဲတွင် သမအောင်ရောမွှေလိုက်ပါ။ မျက်နှာ(သို့မဟုတ်)ခန္ဓာကိုယ်ကို ရေဖြင့်ဆေးကြောပြီးနောက်၊ ရလာသော Scrub ကို အသားအရေပေါ်တင်ပြီး လက်ချောင်းထိပ်များဖြင့် စက်ဝိုင်းပုံစံ ညင်သာစွာပွတ်တိုက်ပေးကာ အချိန်ငါးမိနစ်ခန့်ထားပြီးနောက် ရေအေးဖြင့် သေချာစွာဆေးကြောပစ်ပါ။ ပြီးရင် Moisturizer (အစိုဓာတ်ထိန်းခရင်မ်) လိမ်းပေးပါ။အခုနည်းလမ်းအတိုင်း တစ်ပတ်လျှင် တစ်ကြိမ် ပြုလုပ်ပေးနိုင်ပါတယ်။ သံပရာရည်၊ ရှောက်ရည်ပါဝင်တာကြောင့် နေရောင်ခြည် တိုက်ရိုက်ထိတွေ့မှုကနေ ရှောင်ရှားဖို့ အရေးကြီးပါတယ်။

**Daisy**

## အငန်ဓာတ်(ဆားဆိုဒီယမ်)ကြောင့် ခန္ဓာကိုယ်ဝိတ်တက်ခြင်းအကြောင်းသိကောင်းစရာ



ကျွန်မတို့ နေစဉ်စားသုံးနေတဲ့ အစားအစာတွေထဲမှာ ဆား(ဆိုဒီယမ်)က မပါမဖြစ်ပါဘဲ။ ဆားကို ခန္ဓာကိုယ်စွမ်းအင်နဲ့ အာဟာရအတွက် လိုအပ်တာမှန်ပေမယ့် လိုအပ်တဲ့ပမာဏထက် စားသုံးရင်တော့ ရေရှည်မှာ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့အပြင် ခန္ဓာကိုယ်အလှအပကိုလည်း ပျက်စီးစေနိုင်ပါတယ်။ ဆား(အငန်ဓာတ်)ကို များများစားရင် သွေးတိုးခြင်းနဲ့အခြားရောဂါတွေဖြစ်စေနိုင်တဲ့အပြင် ခန္ဓာကိုယ်အလေးချိန်ကိုလည်း တိုးလာစေပါတယ်။ တကယ်လို့ သင်ဟာ ဆီကြော်စာနဲ့ အစားအများကြီး မစားပေမယ့် မျက်နှာနဲ့ ခန္ဓာကိုယ်ကပြည့်ပြီး ပွရောင်းရောင်းဖြစ်နေတယ်ဆိုရင်တော့ စားလိုက်တဲ့အစားအစာမှာ ဆား(ဆိုဒီယမ်)တွေ များနေလားဆိုတာ ဆန်းစစ်ဖို့လိုပါပြီ။

ဆားဓာတ်(ဆိုဒီယမ်)များများစားသုံးခြင်းဟာ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်ကို ထိန်းသိမ်းထားခြင်း (Water Retention) ကို ဖြစ်ပေါ်စေတာကြောင့် ခန္ဓာကိုယ်ထဲမှာ ရေတွေစုပုံပြီး ရုတ်တရက်အလေးချိန်တက်လာနိုင်ကာ အဆီကြောင့်မဟုတ်ဘဲ ရေဓာတ်ပိုလျှံမှု (Water Weight) ကြောင့်ဖြစ်ပါတယ်။ ဆားများတဲ့ အစားအစာတွေက အစာစားချင်စိတ်ကို ပိုမိုဖြစ်ပေါ်စေပြီး လိုအပ်တာထက် ပိုမိုစားမိစေတာကြောင့် အဆီတက်ပြီး ဝိတ်တက်လာနိုင်ပါတယ်။

ဆားဓာတ်က အဆီတက်စေတာထက် ရေစုဆောင်းခြင်း (Water Retention) ကြောင့် အလေးချိန်ကို မြန်မြန်တက်စေပြီး ဆားများတဲ့ အစားအစာတွေက ကယ်လိုရီများပြီး အလွန်အကျွံစားမိစေတာကြောင့် အလေးချိန်ကို သွယ်ဝိုက်သောအားဖြင့် တက်စေနိုင်ပါတယ်။

ဒါကြောင့် ဆားကိုလျှော့စားပြီး ရေများများသောက်ပေးရပါမယ်။ ချွေးကနေတစ်ဆင့် ဆားဓာတ်တွေထွက်သွားအောင် ချွေးများများထွက်ဖို့ လေ့ကျင့်ခန်းတွေလုပ်ပြီး ရေများများသောက်ပေးခြင်းက ခန္ဓာကိုယ်မှ စုဆောင်းနေတဲ့ရေတွေ လျော့ကျသွားပြီး ကိုယ်အလေးချိန်ပါကျသွားမှာဖြစ်ပါတယ်။

**Daisy**

## အသားညိုခြင်းရဲ့ အဓိက အားသာချက်များ

အသားညိုတဲ့သူတွေမှာ အရေပြားကျန်းမာရေးနဲ့ အလှအပပိုင်းဆိုင်ရာ အားသာချက်တွေ အများကြီးရှိပါတယ်။ အသားညိုခြင်းရဲ့ အားသာချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ နေရောင်ခြည်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိခြင်း**

အသားညိုသူတွေမှာ Melanin (မယ်လနင်)ဓာတ်ပိုမိုပါဝင်တာကြောင့် သဘာဝအတိုင်း နေရောင်ခြည်ဒဏ်ကာကွယ်ပေးတဲ့ (Natural Sunscreen) အဖြစ် လုပ်ဆောင်ပေးပြီး အသားဖြူသူတွေလို လွယ်လွယ်နဲ့ နေလောင်ပြီး နီမြန်းတာမျိုးမဖြစ်ဘဲ၊ နေလောင်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိပါတယ်။ ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားကင်ဆာဖြစ်နိုင်ခြေက အသားဖြူသူတွေထက် နည်းပါတယ်။

**၂။ အရေပြားအိုမင်းရင့်ရော်မှုကို နှေးကွေးစေခြင်း**

Melanin က နေရောင်ခြည်ဒဏ်ကို ကာကွယ်ပေးနိုင်တဲ့အတွက် အသားညိုသူတွေဟာ အသားဖြူသူတွေထက် အသက်အရွယ်ကြီးရင့်တဲ့အခါ အရေးအကြောင်းတွေနဲ့ အသက်အရွယ်ကြောင့်ဖြစ်တဲ့ အစက်အပြောက်တွေ ပေါ်ပေါက်ဖို့ ပိုနှေးပါတယ်။

**၃။ ဖက်ရှင်ပိုင်းဆိုင်ရာအားသာမှု**

အသားညိုခြင်းဟာ ဖက်ရှင်ပိုင်းမှာလည်း အားသာချက်ရှိပါတယ်။ အဝါရောင်၊ လိမ္မော်ရောင်၊ အပြာရောင်၊ ပန်းရောင်စတဲ့ ရဲရင့်ပြီး တောက်ပတဲ့အရောင်တွေဟာ အသားညိုသူတွေနဲ့ ပိုလိုက်ဖက်ပြီး ဆွဲဆောင်မှုရှိစေပါတယ်။

**၄။ ပိုမိုကြံ့ခိုင်သော အရေပြားဖွဲ့စည်းပုံ**

အသားညိုတဲ့ အရေပြားမှာ ကော်လဂျင်ဓာတ်ပိုများပြီး အမျှင်ဓာတ်တွေ ပိုသိပ်သည်းတာကြောင့် အရေပြားက ပိုမိုတင်းရင်းပြီးပြင်ပဒဏ်တွေကို ပိုခံနိုင်ရည်ရှိပါတယ်။

အချုပ်အားဖြင့် ဆိုရရင် အသားညိုခြင်းဟာ အရေပြားကျန်းမာရေးနဲ့ အလှအပအတွက် သဘာဝအလျောက် ကာကွယ်မှုကို ပေးစွမ်းတဲ့အတွက် ရေရှည်မှာ အကျိုးကျေးဇူးများစွာရှိပါတယ်။

**Daisy**







## အင်တာနက်တစ်ခွင်မှာ ရေပန်းစားနေတဲ့ Layer Cut ဆံပင်ပုံစံများ

အခုတလော အင်တာနက်တစ်ခွင်မှာ Layer Cut ဆံပင်ပုံစံက မိန်းကလေးကြားမှာ ခေတ်စားနေတဲ့ ဆံပင်ပုံစံပဲဖြစ်ပါတယ်။ Layer Cut ဆိုတဲ့အတိုင်း ဆံပင်ကို အထပ်ထပ်လိုက်ပုံစံမျိုးဖြစ်ပြီး ဆံပင်အတို၊ အရှည်၊ အဖြောင့်၊ အကောက်စသည်ဖြင့် ဘယ်လိုဆံပင်ပုံစံမျိုးမှာမဆို လိုက်ဖက်တဲ့ပုံစံဖြစ်တာကြောင့် လူကြိုက်များနေပါတယ်။ တကယ်လို့ သင်က ဆံပင်ပုံစံပြောင်းဖို့စဉ်းစားနေတယ်ဆိုရင်တော့ Layer Cut ပုံစံညှပ်ဖို့အတွက် Layer Cut ဆံပင်ပုံစံတွေကို ဖော်ပြပေးလိုက်ပါတယ်။

**Daisy**

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပ



**ဇမ္ဗူသီရိ အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၇၃) အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားထားရသည့် လူကောင်းလူတော်များ ဖြစ်လာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးခဲ့သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များ၊ လူငယ်ရေးရာနှင့်သက်ဆိုင်သည့် စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီ ဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်စိုက်ပျိုးသည့် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာ ၁၁၂၀ ဧက၊ စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက စိုက်ပျိုးထားရှိကြောင်း သိရပြီး ယခုအခါ ဆီထွက်သီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဇူလိုင်လမှစပြီး ပြန်လည်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ယနေ့အထိ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားသုံးဆီ ဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး မြေပဲ ၃၆၁၉ ဧက၊ နှမ်း၂၄၇၂၀ ဧက၊ နေကြာ ၁၀၄၆ ဧက ၊ စုစုပေါင်း ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု မြေပဲ ၅၂၆၇ ဧက၊ နှမ်း ၂၄၀၆၅ ဧက၊ နေကြာ ၁၁၂၀ ဧက၊ စုစုပေါင်း ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို သီးနှံအထွက်နှုန်းများ တိုးတက်စေဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ဝယ်ယူစိုက်ပျိုးနိုင်အောင် ချိတ်ဆက် ဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ တောင်သူတွေက ဆီထွက်သီးနှံစိုက်ခင်းတွေကို ပြန်လည်ရိတ်သိမ်း သိမ်းဆည်းလျက်ရှိပြီး ယနေ့အထိ မြေပဲ၊ နှမ်း၊ နေကြာ ၃၀၂၆၂ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ မြေပဲတစ်ဧကလျှင် ၅၅ ဒသမ ၂၆တင်း၊ နှမ်းတစ်ဧကလျှင် ၉ ဒသမ ၄၃ တင်း၊ နေကြာ တစ်ဧကလျှင် ၁၉ ဒသမ ၃၅ တင်းနှုန်းထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးက ပြောသည်။

(အပေါ်ခဲပုံ)(၄၄၅)




> တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့်
> ကန် သစ်ပင်ရုံမှ သဏ္ဍာန်လှပ ပန်းရလိမ့်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရတုသာမြဲ ကထိန်ပွဲ ဆင်နွှဲပျော်ကြ ရာသီလ

* ရတုသာတုန်း
တန်ဆောင်မုန်းမှာ
လုခေါင်ရှုံးပါတဲ့
ဖုံးစလုံးစ မြလယ်ယာ။

* လယ်ခင်းတွေမှာ
ဆင်းရွှေဝါ အနံ့တွေဖြစ်စေဖို့
အားသစ်တွေသွင်း။

* ကြတ္တိကာယုဉ်ကာပ
ဖြိစ္ဆာရာသီ
ခဝဲရွှေညာရင်းမှာလ
သင်းပျံ့ဝေစီ။

* ချိန်ခါညီလို့
သာပေတောင်း
ဆေးပေါင်းစုံ ခရာကြ
ထူးတဲ့ ဒီလ။

* မီးခိုးမြူတိမ်
သူရိန်ဆီးနှင်း
ညစ်ကြေးစုံကင်းပါလှ
ဝင်းကာပတဲ့ သမယလပြည့်ခါ။

* ဗုဒ္ဓဟော နှုတ်ချွေဟောပါတဲ့
သာမညဖလ မြတ်ဒေသနာ
အခါတော်နေ့ရယ်လို့
မှတ်ကြစေရာ။

* မဂ်လမ်းကိုကွယ်
တက်လုမ်းဖို့ကြံရွယ်
အမုန်ကွဲ့ မျှော်မှန်း
ကထိန်လျာမြတ်သင်္ကန်းကိုလ
သိမ်ပေါ်မှာ ဥတ်ကမ္မဝါနဲ့ကွယ်
ဆက်ကပ်လှူဒါန်း။ ။

ချစ်ဝေ(ခေမာမြေ)

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာအုပ်စုအတွင်း ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက လင်းကင်းကျေးရွာအုပ်စု ကန်ရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။

(ယာပုံ)

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက နယ်မြေလုံခြုံရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ သစ်တောသစ်ပင်များထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဆရာသင့်နော်နှင့် မန်းရထား ရွှေဥဒေါင်းစာကြည့်တိုက်

ကျွန်တော်တို့ မန္တလေးစာပေချစ်မြတ်နိုးသူအသိုက်အဝန်းနှင့် မြန်မာ့စာရေးဆရာအသိုက်အဝန်းတွင် ဆရာသင့်နော် ကွယ်လွန်ခဲ့သည်မှာ ကြီးမားသောဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ စာပေကိုချစ်မြတ်နိုးသော စာရေးဆရာများသည် စာကြည့်တိုက်များကို တန်ဖိုးထားသကဲ့သို့ စာပေနှင့်ပတ်သက်သည့်လိုအပ်ရာရာများကို ကူညီတတ်ကြသည်မှာ ချစ်စရာကောင်းသော သဘာဝမေတ္တာ၏ စေစားမှုပင်ဟုဆိုရပေမည်။ ဆရာသင့်နော်သည် ကျွန်တော်တို့ မြန်မာ့မီးရထား ရွှေဥဒေါင်းစာကြည့်တိုက်အတွက် များစွာစောင့်ရှောက်ခဲ့ပါသည်။ စာကြည့်တိုက်သို့ အလှူရှင်ရရှိရေး မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် ဆက်သွယ်လျက် လိုအပ်သည်များအကူအညီရရှိရေးနှင့် စည်းရုံးရေးအသွင်ဖြင့် ပံ့ပိုးကူညီမှုများပြုလုပ်ခဲ့သူ ဖြစ်ပါသည်။

လွန်ခဲ့သော ခုနစ်နှစ်ခန့်က ဖြစ်ပါသည်။ ကျွန်တော်သည် မြန်မာ့မီးရထားရွှေဥဒေါင်းစာကြည့်တိုက်တွင် ပြန်ကြားရေးတာဝန်ကို ထမ်းဆောင်စဉ်ကဖြစ်သည်။ ထိုစဉ်က စာကြည့်တိုက်ဥက္ကဋ္ဌမှာ ဦးဇော်ဝင်းဖြစ်၍ ဒုဥက္ကဋ္ဌမှာ အစ်မကြီး ဒေါ်ခင်ခင်ကြည် ဖြစ်ပါသည်။ အစ်မကြီး ဒေါ်ခင်ခင်ကြည်၏နောက်မှ မဘေဘီ၊ ဒေါ်အေးအေးကျော် စသည်ဖြင့် အမျိုးသမီးဝန်ထမ်းများ အသိုင်းအဝိုင်းမှာလည်း တောင့်တင်းလျက်။အစ်မကြီး ဒေါ်ခင်ခင်ကြည်သည် ဆရာသင့်နော်နှင့် အလွန်ခင်ပါသည်။ ခင်မင်ရသည်မှာလည်း တစ်ရပ်ကွက်တည်းအတူနေသည်က တစ်ကြောင်း၊ဆရာသင့်နော်၏ စာပေများကိုဖတ်မှတ်ရင်းလေးစားသည်ကတစ်ကြောင်း ဆရာသင့်နော်၏နေမှုထိုင်မှုနှင့် စိတ်နေသဘောထား ဒဿနနှင့် အတွေးအခေါ်များကိုကြည်ညိုမှုနှင့် ဆရာ၏ရွှေဥဒေါင်းစာကြည့်တိုက်အပေါ်ထားရှိသော စေတနာနှင့်ကူညီပံ့ပိုးမှုတို့ကြောင့်ပင် ဖြစ်ပါသည်။

ထိုအချိန်က ကျွန်တော်တို့ မြန်မာ့မီးရထား ရွှေဥဒေါင်းစာကြည့်တိုက်တွင် ၂၀၁၈ ခု နိုဝင်ဘာ ၂ ရက်က ရွှေဥဒေါင်းစာကြည့်တိုက်ကြီး၏ ၄၂နှစ်မြောက် စာဆိုတော်နေ့အကြို အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ပြုလုပ်စဉ်ကဖြစ်သည်။ အထက်မြန်မာပြည်မန်နေဂျာ ဦးကျော်မျိုးထွန်းနှင့် အမှတ်တိုင်း(၃) မြန်မာ့မီးရထားဌာနခွဲအသီးသီးမှ အရာရှိများ ဝန်ထမ်းများတက်ရောက်ခဲ့သည်။ မန္တလေးဘူတာရုံပိုင်ချုပ်ကြီးဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပေးခဲ့သည်။ အလှူရှင်များနှင့် စာပေချစ်သူများ၊ စာရေးဆရာများ၊ မီဒီယာများဖြင့် သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ထိုပွဲတွင် ဆရာစိုးနိုင်(မန္တလေးတက္ကသိုလ်) ဆရာသင့်နော်နှင့် ဆရာနိုင်စေရ(မန်းတက္ကသိုလ်)တို့က ကြွရောက်ချီးမြှင့်လျက် မုဒိတာစကားများ အသီးသီး ပြောကြားခဲ့ကြပါသည်။

'ဆရာသင့်နော်' အလှည့်တွင် ဤရွှေဥဒေါင်းစာကြည့်တိုက်နှင့် ၂၆ လမ်းနှင့် ၆၂လမ်းထောင့်အနီးရှိ လင်းရောင်ခြည်စာကြည့်တိုက်ကဲ့သို့သော စာကြည့်တိုက်ကြီးများ မားမားမတ်မတ်တည်ရှိနေသေးသည်မှာ အလွန်ဂုဏ်ယူဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း။ ဆရာကြီးရွှေဥဒေါင်း၏ စာအုပ်များမှာ ကြိမ်ဖန်များစွာ ပြန်လည်ရိုက်နှိပ်ရလောက်အောင် စာပေအရေးအသား အလွန်ထူးချွန်ချောမွေ့သော စာရေးဆရာတစ်ဦးဖြစ်ကြောင်း။ အလယ်တန်း၊ အထက်တန်း မြန်မာစကားပြေလက်ရွေးစင်စာအုပ်များတွင်လည်း ကောက်နုတ်ဖော်ပြသင်ကြားနေရကြောင်း။ တက္ကသိုလ်တွင်လည်း ပြဋ္ဌာန်းခံနှင့် အပိုဖတ်ရန်ရည်ညွှန်းပြသထားသော စာအုပ်များတွင်လည်း ဆရာကြီး စာအုပ်များပါဝင်ကြောင်း ပြောကြားသွားပါသည်။ စာအုပ်ဆိုင်များမှာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဆရာကြီးရွှေဥဒေါင်း၏စာအုပ်များမှာ မတင်မဖြစ်တင်ရ၍ အရောင်းရအလွန်တွင်ကျယ်ကြောင်း။ ဘာသာရေးနှင့်ပတ်သက်၍ အခြားစာအုပ်များထဲမှ ကူးယူဖော်ပြခြင်း၊ မှီငြမ်းခြင်းမပြုပါပဲ မိမိကိုယ်တိုင်အားထုတ်၍ သိရှိနားလည်သည့်အတိုင်းရေးသားထားသည်မို့ ရှင်းလင်းလှသဖြင့် ဆရာကြီး၏ဘာသာရေးနှင့်ပတ်သက်သော စာအုပ်များမှာလည်း ကြိမ်ဖန်များစွာရိုက်နှိပ်ရကြောင်း။ 'ဗုဒ္ဓဘာသာနှင့် တွေးခေါ်မြော်မြင်ရေး' 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' စာအုပ်များမှာ ဘာသာရေးစာအုပ်တွင် အလွန်ထင်ရှားခဲ့သည်သာမက စုံထောက်ဦးစံရှား၊ ဂျမဒါကိုကိုကြီး၊ ဇော်ဟိတ် စသဖြင့် စာအုပ်အမည်ဖော်၍ မဆုံးနိုင်အောင် အလွန်များပြားလှသောစာအုပ်များမှာ ဆရာကြီး၏ စာအုပ်များပင်ဖြစ်ကြောင်း။ ထိုကဲ့သို့ အလွန်လေးစားဂုဏ်ယူဖွယ်ဖြစ်သော မန္တလေးသား ဆရာကြီးရွှေဥဒေါင်း၏အမည်ကို ယူငင်သုံးစွဲခွင့်ရထားသည့်အတွက်လည်း အလွန်ကံကောင်းကြောင်း။ မန္တလေး၏ ထူးခြားသောဂုဏ်အင်္ဂါတစ်ရပ်ပင် ဖြစ်ကြောင်း ပြောကြားသွားပါသည်။ ပိုမိုကောင်းမွန်သော အကြောင်းအရာတစ်ခုမှာ ဆရာကြီး၏ကြေးသွန်းရုပ်တုအား အင်းစိန်မြန်မာ့မီးရထားစက်ခေါင်းရုံတွင် သွန်းလုပ်ခဲ့သည့်အတွက် မြန်မာ့မီးရထား၏စာပေပေါ်တွင်ထားသောသံယောဇဉ်နှင့်စေတနာ မြန်မာ့မီးရထား၏ မျိုးဆက်သစ်များအပေါ်တွင်ထားသော စာပေကရုဏာများမှာ ပေါ်လွင်ထင်ရှားလှကြောင်း ပြောကြားသွားပါသည်။ မြန်မာ့မီးရထားနှင့် ရွှေဥဒေါင်းဟူသော အမည်ယှဉ်တွဲထားသည်မှာ မန္တလေးမြို့၏ အက္ခရာသမိုင်းစဉ်တွင် ထိပ်ဆုံးမှကမ္ပည်းတင်ရမည့် စာပေလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

စာကြည့်တိုက်များဖွံ့ဖြိုးစေရန် ပြန်လည်အကောင်အထည်ဖော်ခြင်း၊ စာကြည့်တိုက်ဖောင်ဒေးရှင်းများ တည်ထောင်ခြင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ မိုဘိုင်းလုပ်ငန်းနှင့်ချိတ်ဆက်၍ စာအုပ်များ မြန်မာပြည်အနှံ့ ငှားရမ်းလျက်ရှိခြင်းတို့မှာ စာပေကို ဆက်လက်ရှင်သန်တိုးပွားစေလိုသောကြောင့်လည်းကောင်း၊ ပညာဦးဆောင်သောခေတ်တွင် စာကြည့်တိုက်လုပ်ငန်းသည် ရှေ့တန်းမှ အရေးပါသောကြောင့်လည်းကောင်း၊ ရှေးယခင်က 'ပညာသဘာ' အာဘာနတ္ထိ အလိမ္မာစာမှာရှိစသဖြင့် များပြားလှစွာသော ဆိုရိုးစကားဆောင်ပုဒ်များစွာမှာလည်း မြန်မာတို့၏ရင်ထဲတွင်ရှိပြီးသား ဖြစ်ပါသည်။ သို့သော်လည်း အကြောင်းတရားမညီညွတ်သော ဖြတ်သန်းခြင်းကာလများ လွန်မြောက်ချိန်တွင် လိုအပ်လှစွာဖြင့် စာပေကို တန်ဖိုးမြှင့်ရန်ပြန်လည်ဆောင်ရွက်နေရခြင်းသာဖြစ်ကြောင်း။ လိုလား လိုအပ်နေကြောင်း။ ယခုမျက်မှောက်ခေတ်ကာလ စာအုပ်တန်ဖိုးများမှာလည်း သာမန်လူတို့အတွက် ချဉ်းကပ်ရန် ခဲယဉ်းလှသဖြင့် စာကြည့်တိုက်ကိုသာ အားကိုးနေရသည် ဖြစ်ကြောင်း။ အားလပ်ချိန်တွင်သိရှိလိုသော မျက်မှောက် ခေတ်ကာက ပြောင်းလဲမှုများကို စာကြည့်တိုက်တွင် သာရှာဖွေရပေမည်ဖြစ်ကြောင်း။ သို့ပါ၍ စာကြည့်တိုက်များ အရေးပါမှုမှာ ပိုမိုမြင့်မားလာပြီဖြစ်ကြောင်း။ လူငယ်များစာကြည့်တိုက်နှင့် ရင်းနှီးမှုပိုမိုစေရန် ကျောင်းစာကြည့်တိုက်များကို ပြန်လည်မြှင့်တင်ရမည်ဖြစ်ကြောင်း။ ကျောင်းစာအပြင် ပြင်ပစာများကိုလည်း ဖတ်သင့်ကြောင်း။ ပြင်ပစာများ ဖတ်လိုသော အလေ့အထများ မွေးမြူပေးရမည် ဖြစ်ကြောင်း။ အတန်းစာကိုသာ ဦးစားပေး၍ ပြင်ပစာကို ဖတ်ရန် အလေ့အကျင့် နည်းနေကြကြောင်း။ ပြင်ပစာမဖတ်ကြသဖြင့် အသိအမြင်ကျယ်မှုအားနည်းသဖြင့် ဆယ်တန်းအောင်သော ကျောင်းသားတစ်ယောက်သည် မည်သည့်ဘာသာတွဲကို ပိုင်ပိုင်နိုင်နိုင် ရွေးချယ်နိုင်ခြင်းမရှိကြောင်း။ တက္ကသိုလ်ကျောင်းသား၊ကျောင်းသူတစ်ယောက်အနေဖြင့်လည်း ကျောင်းပြီး၍ ဘွဲ့ရပြီးသည့်တိုင် မည်သည့်လုပ်ငန်းလုပ်ရမှန်းမသိ ဖြစ်နေကြသည်မှာ ပြင်ပစာမဖတ်သဖြင့် အသိအမြင်မကျယ်သောကြောင့်ပင် ဖြစ်ကြောင်း။ ယခင်က 'စာမတတ်သူ တို့ဝိုင်းကူ စာမတတ်သူ ပပျောက်ရေး' ဟုဆိုကာ အ,သုံးလုံး လုပ်အားပေးများ ပြုလုပ်ခဲ့ကြရသကဲ့သို့ ယခုခေတ်တွင် 'စာမဖတ်သူပပျောက်ရေး' ဟုပင်ဆိုရမလို ဖြစ်နေကြောင်း။ ပြင်ပစာမဖတ်သော လူငယ်များ နောင်တစ်ချိန် လူကြီးဖြစ်လာသောအခါ စာမဖတ်သောလူကြီးများသာ ဖြစ်လာမည်ဖြစ်ကြောင်း။ စာပေနှင့် အလှမ်းဝေးသူမှာ ရိုင်းပြတတ်ကြောင်း။ ယဉ်ကျေးသိမ်မွေ့နူးညံ့သော စိတ်ထားများနှင့် ကင်းကွာ၍ ရုပ်ဝတ္ထုဖွံ့ဖြိုးမှုနောက်သို့လိုက်ရင်း ရိုင်းပြသွားတတ်ကြောင်း။ ဆက်ဆံမှုများ ခက်ထန်ပြီးလျှင် မင်းဘာလဲ၊ ငါဘာလဲဖြစ်တတ်ကြောင်း။ အနုပညာဓာတ်များ မခန်းခြောက်စေရန် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ရသစာများ ဖတ်သင့်ကြောင်း။ သို့ပါ၍ စာကြည့်တိုက်၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိကြောင်း။ စာကြည့်တိုက်ကြီး ရှင်သန်အဓွန့်ရှည်စေရန် လူအား၊ ငွေအားဖြင့် ပါဝင်လှူဒါန်းသင့်ကြောင်း။ နောက်ဆုံးအနေဖြင့် စာကြည့်တိုက်တွင် မန်ဘာဝင်၍ လစဉ်ကြေး တစ်လတစ်ထောင်သွင်း၍ ကူညီမည်ဆိုလျှင်ပင် မဆိုးလှကြောင်း ပြောကြားသွားပါသည်။ စာကြည့်တိုက်ဆိုသည်မှာအများနှင့် သက်ဆိုင်သောကြောင့်အားလုံးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန်အတွက် စာကြည့်တိုက်အမှုဆောင်များအနေဖြင့်လည်း အကြံသစ် ဉာဏ်သစ်များဖြင့် နည်းအသစ် စနစ်အသစ်များဖြင့် ပိုမိုကျယ်ပြန့်ရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ 'ကျွန်တော် ဘယ်စာအုပ်လေးဖတ်ချင်လို့ပါ ကျွန်မဘာစာအုပ်လေးကြည့်ချင်လို့ပါ' စသဖြင့် ဝင်လာမစဲ တသဲသဲ ဖြစ်လာအောင် မည်သို့ကြိုးစားဆောင်ရွက်လျှင်သင့်တော်မည်နည်း စသဖြင့် အကြံဉာဏ်ကောင်းများ ဖော်ထုတ်အသုံးချရန် ပြောကြားသွားခဲ့ပါသည်။

စာဆိုတော်နေ့ဆိုသည်မှာ မြန်မာပြည်တွင်သာရှိပါသည်။ မည်သည့်တိုင်းပြည်တွင်မျှမရှိ။ ၁၉၃၆ ခုနှစ်တွင် စာရေးဆရာကြီး 'အိတ်ချ်ဂျီဝဲ' မြန်မာပြည်အလည်လာစဉ်ကစ၍ စာဆိုတော်နေ့ကို ပြုလုပ်ခဲ့ကြောင်း။ နှစ်စဉ်စာဆိုတော်နေ့ကို အကြောင်းပြု၍ စာပေဟောပြောပွဲများကို နတ်တော်လတွင် လုပ်ဆောင်လာခဲ့သည်မှာ ဂျပန်ခေတ်တစ်ခုတွင်သာ ပြတ်လပ်ခဲ့ကြောင်း။ ယခုတိုးတက်ပြောင်းလဲလာသော ကာလတွင် နတ်တော်လ၌သာမက ဆယ့်နှစ်လရာသီ လုံးလုံး စာပေဟောပြောပွဲများကို ပြည်တွင်း၊ ပြည်ပ၌ ပြုလုပ်နိုင်ခဲ့ကြောင်း။ ၎င်းပွဲများကို ယခုအခါ ဗွီစီဒီ၊ စီဒီ အချပ်များဖြင့် ဖြန့်ဝေသဖြင့် အတော်များများ စာပေနှင့်နီးစပ်ခဲ့ကြောင်း။ သို့သော် ယခုအခါ 'ပရင့်တက် မီဒီယာ' အား 'အီလက်ထရောနစ်မီဒီယာနှင့် ဆိုရှယ်မီဒီယာ' တို့၏ လွှမ်းမိုးမှုကြောင့် စာအုပ်မှာ ပျောက်ကွယ်လုလုပင် ဖြစ်နေကြောင်း။ စာအုပ်တိုက်တွေပိတ်၊ ဂျာနယ်တွေပိတ်၊ အရပ်ထဲက အငှားဆိုင်တွေပျောက်၊ စာအုပ်များကိုလည်း ဝယ်ယူအားပေးသူက မရှိသလောက်ဖြစ်နေ၍ စာအုပ်ဈေးရောင်းပွဲတော်များပြုလုပ်၍ စာအုပ်ဈေးကွက်ရှာနေရခြင်း စသည့် ပြဿနာများကို ကြားနေသိနေရကြောင်း။ ရသအစုန်အဆန်ဟုခေါ်သော ပန်မြန်မာအဖွဲ့အစည်းများမှ တောရွာကျေးလက်တိုင် မြစ်ရိုးတစ်လျှောက်၊ ရထားလမ်းတစ်လျှောက်သွားရောက်၍ စာအုပ်များငှားရမ်းပေးနေကြကြောင်း။ တတ်နိုင်သလောက်တတ်နိုင်သူများက ဆယ်ယူနေကြကြောင်း။ ဤသည်မှာ အမျိုးသားရေးလက္ခဏာနှင့် ဆိုင်ပါကြောင်း။ စာပေတင့်မှ လူမျိုးတင့်မည်ဟူသော စကားမျိုးကိုလည်း သတိထားရမည့် အချိန်အခါပင်ဖြစ်ကြောင်း။ မြန်မာစာပေတွင် လုပ်ဆောင်စရာများစွာ ရှိသေးကြောင်း။ မြန်မာအဘိဓာန်ကောင်းကောင်းရှိသလား။ မြန်မာ့စွယ်စုံကျမ်းကောင်းကောင်းရှိသလား။ မြန်မာမှုအဘိဓာန်ဟု ကောင်းကောင်းရှိသလား။ ဂီတ၊ သဘင်၊ ရုပ်ရှင်စသည်ဖြင့်ပတ်သက်၍ ဆိုင်ရာဆိုင်ရာ အဘိဓာန်များရှိပြီလား။ လက်မှုပညာလုပ်ငန်းများနှင့်ပတ်သက်၍ အဘိဓာန်ရှိပြီလား။ ဥပမာ စပ်ပန်းချီကဲ့သို့သော ကျောက်ဆည်ဆင်ရုပ်ချိုး အတတ်ပညာကဲ့သို့သော အသိပညာ၊ အတတ်ပညာများကို စာအုပ်ထဲတွင် မှတ်တမ်းတင်ထားမှသာလျှင် နောင်လာနောက်သားများမှ ဖတ်ရှု၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် ကြိုးစားလာနိုင်မည်ဖြစ်ပါကြောင်း။ သို့ပါ၍ စာအုပ်၏ကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း။ ကျောင်းသားရှိလျှင် စာအုပ်ရှိမည်ဟု ဆိုပါစို့၊ ကျောင်းစာအုပ်တစ်ခုတည်းနှင့် မလုံလောက်ပါကြောင်း။ ကျောင်းသားအနေဖြင့်လည်း ကျောင်းစာမှလွဲ၍ အခြားပြင်ပစာကို မဖတ်ဘူးဆိုပါစို့။ မိဘ၊ ဦးကြီး၊ ဘကြီး၊ ဒေါ်လေး၊ ဒေါ်ကြီးတို့ကလည်း မတိုက်တွန်းဘူးဆိုပါစို့။ ပြင်ပစာမဖတ်လျှင်ဖြင့် အသိအမြင် ကျယ်ပြန့်မည်မဟုတ်။ စာပေသည် တဖြည်းဖြည်း ယုတ်လျော့အားနည်းလာသလား စဉ်းစားရပေမည်ဖြစ်ကြောင်း။ ပြန်ကြားရေးဝန်ကြီးဌာနမှ စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆု၊ ရွေးချယ်ရေးအဖွဲ့များမှ အဓိကထားပြုလုပ်ဆောင်ရွက်သကဲ့သို့ ပုဂ္ဂလိကများဘက်မှလည်း ဆရာဝန်တင်ရွှေဆု၊ ထွန်းဖောင်ဒေးရှင်းဆု၊ ပခုက္ကူဦးအုန်းဖေဆု စသဖြင့် အမျိုးမျိုး ပြုလုပ်ဆောင်ရွက်၍ စာကောင်းပေမွန်ထွက်ရှိရေးနှင့် စာကောင်းပေမွန် ဖတ်ရှုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသွားသည်။ သို့သော်လည်း လိုအပ်ချက်များ ပြီးပြည့်စုံသည်မှာလည်း မရှိသေးပါဘူး။ သို့ပါ၍ ရှေးလူတို့ဆောင်ရွက်ချက်မပြီးဆုံးပါက နောင်းလူတို့ ဆက်လက်ဆောင်ရွက်စို့ ဟူသောစကားအတိုင်း မျိုးဆက်သစ်တို့ ဆက်လက်ဆောင်ရွက်ရပေမည်ဖြစ်ကြောင်း။ ငါတို့ခေတ်မှ ညံ့ကြတော့မှာလားဟူသော စကားမဖြစ်ရလေအောင် နောင်းလူတို့ ဆက်လက်ကြိုးစားကြရပေမည်ဟု ပြောကြားသွားခဲ့သည်။

ဆရာသင့်နော်၏ မြန်မာစာပေမနိမ့်ကျရေးအတွက် ဘက်စုံထောင့်စုံမှ ပြောကြားသွားသည်သာမက စာကြည့်တိုက်၏အခန်းကဏ္ဍသည်လည်း မြန်မာစာပေမြှင့်တင်ရေးတွင် အဓိကကျကျ ပါဝင်ပတ်သက်နေကြောင်းကို ထိုနေ့က မှတ်မှတ်ရရ ပြောကြားသွားခဲ့သည်များကို ပြန်လည်ကြားယောင်လျက် စိတ်နှလုံးဝယ်ကြည်နူးမိသကဲ့သို့ ဆရာသင့်နော် မရှိရှာတော့ပြီဟူသော အသိစိတ်တို့ဝင်လာသောအခါတွင် ဝမ်းနည်းမှုက အထွတ်အထိပ်တိုင်သို့ ရောက်လေသည်။

ဆရာဦးသန်းဌွေး (ခေါ်) ဆရာသင့်နော် ကွယ်လွန်ခြင်းသည် ကျွန်တော်တို့ မြန်မာ့မီးရထား ရွှေဥဒေါင်းစာကြည့်တိုက် အသင်းသူ၊ အသင်းသားများအတွက် ကြေကွဲဝမ်းနည်းမှုဖြစ်ရသကဲ့သို့ မြန်မာ့စာပေအသိုက်အဝန်းနှင့် မန္တလေးစာရေးဆရာအသိုက်အဝန်းအတွက်မှု ပြန်လည်မရရှိနိုင်သောဆုံးရှုံးခြင်းပင်ဖြစ်ပါကြောင်း ဝမ်းနည်းစွာဖြင့် ဤဆောင်းပါးကို အဆုံးသတ်လိုက်ရပါသည်။

စောချိုသာ

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်အမှတ်(၉၀-ခ)၊ ဧရိယာ(၁၅×၄၅)ပေ အကျယ်အဝန်းရှိ ဦးလွန်းမောင် အမည်ပေါက်ရှိသော ဂရန်မြေကွက် မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိက အရောင်းအဝယ်အရပ်ကတိစာချုပ်+နိုတြီအထွေထွေကိုယ်စားလှယ်ပါဝါတို့အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မို့မို့လွင်(အဘ)ဦးမြင့်လွင်(၁/ဆဘတ(နိုင်)၀၀၂၀၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**(ဦးအောင်မြင့်)တရားလွှတ်တော်ရှေ့နေ၏ တပည့်များ**

**ဦးချစ်ညီညီ** (LL.B) **ဦးဆန်းမြင့်နိုင်** (LL.B)

**(ဥပဒေအကျိုးဆောင်ရှေ့နေများ)**

**အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၃၉၉၀၊ ၀၂-၄၀၇၂၇၇၉၊ ၀၉-၂၀၀၀၂၆၁၊ ၀၉-၇၉၂၀၆၆၉၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ရှိ ဦးတိုးမောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးစားခွင့် အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဇင်သူအောင်(အဘ)ဦးသန်းရွှေ(၅/ကနန(နိုင်)၀၆၉၉၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အေးအေးခိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/စ၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၁) ဦးပိုင်အမှတ်(၃၉)၊ မြေကွက်ပေါ်တွင် ဦးစိုးနိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ငဇန(နိုင်)၀၁၈၂၅၃)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၈) ၊ဦးပိုင်အမှတ်(၂၉)၊ မြေကွက်ပေါ်တွင် ဦးသိန်းနိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၄၃၄၀၄)က RC(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ်(၉) မြေကွက်ပေါ်တွင် ဦးမြင့်သိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(ဧည့်)၀၀၀၂၈၆)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁)၊ ဦးပိုင်အမှတ်(၂၇-ခဲစင်း) မြေကွက်ပေါ်တွင် ဦးချမ်းသာအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/တဆန(နိုင်)၁၁၇၆၄၁)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၉)၊ ဦးပိုင်အမှတ်(၃၆) မြေကွက်ပေါ်တွင် ဒေါ်ခင်ဆွေဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၃၅၈၈၂)က နံကပ်(၁)ထပ်ဖျက် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ်(၆၀၁)၊ ဦးပိုင်အမှတ်(၆၃/၃၆၂) မြေကွက်ပေါ်တွင် ဦးအေးဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၀၄၇၂၁၆)က နံကပ် (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| (၁) | **ကွန်ပျူတာစာရင်းကိုင်** | **အမျိုးသမီး (၂)ဦး** |
| (၂) | **အရောင်းဝန်ထမ်း** | **အမျိုးသမီး (၂)ဦး** |

**မှတ်ချက် –**

**အမှတ်စဉ်(၁)အတွက် ကွန်ပျူတာစာရင်းကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။**

**အမှတ်စဉ်(၂)အတွက် အရောင်းအတွေ့အကြုံ ရှိရမည်။**

အမှတ်စဉ်နှစ်ခုလုံးအတွက် ဆက်ဆံရေးပြေပြစ်ပြီး ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ (၁)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စု လူဦးရေစာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ CV Form နှင့်တကွ (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**မိုးဟိန်းထက် ဝေါက်ပစ္စည်းရောင်းဝယ်ရေး**

**ဆိုင်(၁) ၇၃(A)လမ်း၊ ၇လမ်းနှင့် ၈လမ်းကြား၊ Ph-09/253077766**

**ဆိုင်(၂) 107 x 70 လမ်း Ph-09/789999912**

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၆)၊ ဦးပိုင်အမှတ်(၁၅၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဦးကြည်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံး အခြမ်း (၁၀ပေ×ပေ၃၀)မြေအစိတ်အပိုင်းနှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးကျော်စွာဝင်း(ဘ/ဦးမောင်မောင်)၊ (၈/ကမန(နိုင်)၀၄၁၉၉၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်လတ်လတ်အောင်(တရားလွှတ်တော်ရှေ့နေ)**

**တတ(၁၅)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။**

**ဖုန်း ၀၉-၄၄၂၀၅၆၉၈၀**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံရပ်ကွက်၊ အကွက်အမှတ်(၆၃၀)၊ ဦးပိုင်အမှတ်(၃၂/၃) မြေကွက်ပေါ်တွင် ဒေါ်ခင်မာလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကဘလ(နိုင်)၁၇၀၇၇၁)က ခြံစည်းရိုးဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ်(၅၈၀-I)၊ ဦးပိုင်အမှတ်(၃၃)မြေကွက်ပေါ်တွင် ဒေါ်သန္တာဝင်း(ခ)ရင်ရင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခတ(နိုင်)၀၅၁၄၄၇)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ဈ)၊ ဦးပိုင်အမှတ်(၁၃) မြေကွက်ပေါ်တွင် ဦးအောင်ကိုဝင်း (ပါ-၄)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မရန(နိုင်)၁၆၅၀၉၂)က RC(၂)ထပ် အဆောက် အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး ၃ ပါးအပေါ်မှာ အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ ရည်ရွယ်တဲ့ ထာဝရတည်မြဲသော နိုင်ငံရေးပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ် (၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

စာမျက်နှာ ၇ သို့ ☆

**ယနေ့ ဗဟိုစရာ**

အာရှဒေသ နိုင်ငံများသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သွားရောက်မည်

စာမျက်နှာ » ၈

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၃၀ နှင့် အမျိုးသမီး ၆ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

စာမျက်နှာ »၁၀

## FIFA/MFF Regional Training Center ဒေသအလိုက် လေ့ကျင့်ရေးစင်တာများ စတင်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF) သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ရွက်ပုန်းသီးမျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် နယ်ဒေသများတွင် လေ့ကျင့်ရေးစင်တာများ ဖွင့်လှစ်ကာ ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ယခုနှစ်အတွက် Regional Training Center ဒေသအလိုက် လေ့ကျင့်ရေးစင်တာများကို မော်လမြိုင်၊ နေပြည်တော်၊ ကချင်၊ မန္တလေး၊ တောင်ကြီးနှင့် ဧရာဝတီတို့တွင် အောက်တိုဘာ ၂၂ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ကစားသမားများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

ကစားသမားရွေးချယ်ပွဲများကို ဩဂုတ်၊ စက်တင်ဘာ ၂၀၂၅ တွင် ပြုလုပ်ခဲ့ပြီးနောက် အောက်တိုဘာ ၂၂ မှစတင်ကာ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ယူ-၁၄ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၉ ဦး၊ နေပြည်တော်တွင် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၂ ဦး၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၂ ဦး၊ မန္တလေးမြို့တွင် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၄ ဦး၊ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၂ ဦး ကို စတင်လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ကစားသမား ရွေးချယ်ပွဲများသို့ ယူ-၁၄ အမျိုးသား၊ အမျိုးသမီး ကစားသမား စုစုပေါင်း ၈၂၃ ယောက် လာရောက်ရွေးချယ်ခံခဲ့ကြပြီး ဆန်ခါတင် ၂၅၃ ဦးကို ရွေးချယ် လေ့ကျင့်ပေးခြင်း ဖြစ်သည်။ အမျိုးသားကစားသမားများကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ ညနေပိုင်းများတွင်လည်းကောင်း၊ အမျိုးသမီး ကစားသမားများကို အင်္ဂါ၊ ကြာသပတေး၊ စနေ ညနေဘက်များတွင်လည်း လေ့ကျင့်ပေးသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းပြီး ရွက်ပုန်းသီး ကစားသမားများ ဖော်ထုတ်နိုင်ရေးနှင့် ဘောလုံးဖွံ့ဖြိုးရေးအတွက် ဒေသအလိုက် လေ့ကျင့်ရေးစင်တာများကို တိုးချဲ့ပြီး ယူ-၁၄ အမျိုးသား၊ အမျိုးသမီးကို နှစ်စဉ် ရွေးချယ်လေ့ကျင့်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။ (NGB)

